မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၃၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် မတ် ၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်) ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းနှင့် နိုင်ငံတကာသတင်း၊ ဓာတ်ပုံအညွှန်း

သက်တန့်ရောင်စဉ်များ ပန်းချီ ပြပွဲတွင် ပြသထားသော ပန်းချီဆရာမ တင်တင်ခိုင်၏ "သစ်ခွပန်းအလှ" ဆီဆေး ပန်းချီကား။

သတင်းမှတ်တမ်း ဓာတ်ပုံ (စာ-၆)

တရုတ်နိုင်ငံ အဝေးပြေးလမ်း အက်ကွဲပြီး မြေပြိုမှုဖြစ်ပွား

နိုင်ငံတကာသတင်း (စာ-၅)

လားရှိုးမြို့ အောင်သိဒ္ဓိလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃၀

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သည့် လားရှိုးမြို့ အမှတ်(၇)ရပ်ကွက် အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်က အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို တိုင်းမှူး နှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် လားရှိုးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်ဇနီး၊ ဧည့်သည်တော်များသည် လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ပေါင်မြို့နယ် သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၃၀

ပေါင်မြို့နယ် ပေါင်းရပ်ကွက် သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါလမ်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင် တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပေါင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လှက ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများ ကိုယ်စား ဦးရဲကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံငယ်ကို တိုင်းမှူးနှင့် တာဝန်ရှိသူများ အားပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၃၁ ရက်)

စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေးကြိုးပမ်း ဆည်ရေကိုအကျိုးရှိရှိအသုံးချ၍ သီးနှံစုံတိုးချဲ့စိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ တောင်သူလယ်သမားများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၄၁ဒသမ၂ရာခိုင်နှုန်းအထိ အချိုးအစားကြီးမားစွာပါဝင်နေပြီး ပြည်ပပို့ကုန်တန်ဖိုးတွင်လည်း ၁၁ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် လယ်ယာမြေသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ စိုက်ပျိုးစရိတ်ကျဆင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုကာကွယ်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲပြီး ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်လ ၂၀ရက်နေ့က ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၊ မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာ ရဲယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ စဉ့်ကူးမြို့နယ်ရှိ ဆည်တော်ကြီး ရေကူရေလှောင်တမံစီမံကိန်းနှင့် စဉ့်ကူးမြို့အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ မာလဲကျေးရွာအနီး မာလဲနတ်တောင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် မာလဲနတ်တောင်ရေလှောင်တမံစီမံကိန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံ၊ ရပ်စောက်မြို့နယ်မှ ဇော်ဂျီရေလှောင်တမံနှင့် ရပ်စောက်မြို့နယ်၌ ထပ်မံတည်ဆောက်သွားမည့် ကျိုင်းခမ်းရေလှောင်တမံတို့မှ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

တည်ဆောက်ပြီးဖြစ်သည့် ရပ်စောက်မြို့နယ် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့် မြို့ကြီးရေလှောင်တမံ အထက်ဘက်ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

စီမံကိန်းပြီးစီးပါက ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏဧကပေ ငါးသိန်းခန့်၊ မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏ ဧကပေလေးသိန်းခန့်ကို လွှတ်ပေးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်၂၄မဂ္ဂါဝပ်ပါ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်သည့်အပြင် ကမ္ဘာပေါ်၌ RCC တမံ၂၈၀ကျော်ရှိသည့်အနက် ကမ္ဘာ့အကြီးစား RCC တမံတစ်ခုဖြစ်သည်။

စဉ့်ကူးမြို့နယ်ရှိ တည်ဆောက်ပြီး ဆည်တော်ကြီး ရေလှောင်တမံအထက်ဘက် ၁၂ မိုင်ခန့်အကွာ နမ့်ပက်ချောင်းပေါ်၌ ဆည်တော်ကြီးသို့ ရေကူပေးမည့် ရေကူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ဤစီမံကိန်း၌ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်မည့်စက်များကိုပါ ပူးတွဲထည့်သွင်း တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ပေးသွားမည်ဖြစ်သည်။

မာလဲနတ်တောင်ချောင်းပေါ်၌ အလျားပေ ၁၁၈၅၀၊ အမြင့် ၇၂ ပေနှင့် ရေဧက ပေ ၅၇၀၀၀ ကျော် သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတည်ဆောက်၍ ချောင်းလက်ဝဲ/လက်ယာရှိ လယ်မြေဧကတစ်သောင်းခန့်ကို ရေပေးဝေနိုင်ရန် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်နေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေရရှိရေး စီမံကိန်းများကို တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ဒေသခံတောင်သူလယ်သမားများကလည်း ဆည်ရေကို အကျိုးရှိရှိအသုံးချ၍ သီးနှံစုံတိုးချဲ့စိုက်ပျိုးနိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်၊ ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၃၀

ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခန်းမဆောင်(၃)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံပညာရေးလမ်းညွှန်ချက်များနှင့်အညီ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀တွင် တက္ကသိုလ် ဆရာဆရာမများက ဦးဆောင်၍ ဖွင့်လှစ်လေ့ကျင့်ပေးနေပြီဖြစ်ကြောင်း၊ အဆိုပါသင်တန်းများသို့ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမအားလုံး တက်ရောက်နေကြပြီဖြစ်ကြောင်း၊ အခြေခံပညာဆရာဆရာမများ အရည်အသွေးပြည့်ဝရေး၊ သင်ထောက်ကူပစ္စည်းများ အပြည့်အဝအသုံးချသင်ကြားရေး၊ ဘာသာရပ်သင် ဆရာဆရာမများ အရည်အသွေးမြင့်မားရေးတို့အတွက် ဤသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လာကြသည့် ဆရာဆရာမများအနေဖြင့်လည်း ကြိုးစားလေ့လာသင်ယူမှတ်သားသွားကြစေလိုကြောင်းနှင့် ပို့ချပေးမည့် တက္ကသိုလ်ဆရာဆရာမများကလည်း မိမိတို့ပို့ချပေးရမည့် ဘာသာရပ်များအလိုက် သင်ကြားမှု အရည်အသွေးမြင့်မားလာအောင် စွမ်းစွမ်း တမံကြိုးစား ပို့ချပေးကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂလိပ်စာဘာသာပြ ဆရာ ဆရာမများ Language Lab ၌ တက်ရောက်သင်ယူနေမှုကိုလည်းကောင်း၊ ရူပဗေဒဘာသာပြ ဆရာ ဆရာမများ သိပ္ပံလက်တွေ့ခန်း၌ လက်တွေ့ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သင်္ချာဘာသာပြ ဆရာ ဆရာမများ Computer ဖြင့် လက်တွေ့သင်ယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး သင်တန်းတက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ထိုမှတစ်ဆင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် စာသင်ခန်းမ(၁)၌ ကျင်းပသော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်း တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် ဘာသာရပ် အလိုက် သင်ကြားပြသနေသည့် Language Lab၊ သိပ္ပံလက်တွေ့ခန်းနှင့် စာသင်ခန်းများ၌ လက်တွေ့သင်ကြားသင်ယူနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွှန့်သည် ယမန်နေ့ နံနက်၈နာရီတွင် မန္တလေးမြို့ ရတနာပုံ တက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ ဘာသာပြဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် သင်ကြားပြသနေသည့် Language Lab၊ သိပ္ပံလက်တွေ့ခန်းနှင့် စာသင်ခန်းများ၌ လက်တွေ့ သင်ကြားနေမှု များကို လှည့်လည်ကြည့်ရှု အားပေးသည်။

ကျောက်ဆည်တက္ကသိုလ်

ထို့အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွှန့်သည် ယမန်နေ့ နံနက်၁၀နာရီက ကျောက်ဆည်တက္ကသိုလ် ဧကရာဇ်ခန်းမ၌ ကျင်းပသောအခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာဆရာမများ မွမ်းမံသင်တန်းများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၃၀တွင် မတ်၂၈ ရက်မှ မေ၂၆ရက်အထိ ဖွင့်လှစ်သင်တန်းပေးလျက်ရှိရာ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမ ၆၉၃၂ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့

ကျော်စွာငယ်

‘အာရောဂျ ပရမံ လာဘံ’ဆိုတဲ့ ဆိုစကားအတိုင်း ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးဖြစ်ပါတယ်။ ကျန်းမာဖို့အတွက် ကျန်းမာတဲ့ အနေအထိုင်၊ အလေ့အကျင့်အပြုအမူတွေ လိုအပ်ပါတယ်။ ကျန်းမာဖို့အတွက် လူ့ခန္ဓာကိုယ်ကို ဖြည့်စွမ်းပေးနိုင်တဲ့ အစာအာဟာရတွေ လိုအပ်သလို ကျန်းမာရေးလေ့ကျင့်ခန်းတွေလည်း မှန်မှန်လုပ်ပေးဖို့ လိုအပ်ပါတယ်။

ဒါပေမယ့် လူတွေဟာ မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေနဲ့ သွားလာလှုပ်ရှားရုန်းကန်နေရလို့ အများအားဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းတွေကို သီးခြားပုံမှန်မလုပ်နိုင်ပါဘူး။ ဒါကြောင့် နေ့စဉ်နေ့တိုင်း လှုပ်ရှားသွားလာခြင်းဖြင့် ကျန်းမာခြင်းရဲ့ အကျိုးရလဒ်ကို ရယူတတ်ဖို့လိုပါတယ်။

စာရေးသူဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ တာဝန်တွေကို မလစ်ဟင်းအောင် နေ့စဉ်ဆောင်ရွက်နေရလို့ ကျန်းမာရေးလေ့ကျင့်ခန်းကို သီးခြားမလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ကျန်းမာရေးကောင်းနေပါတယ်။ ဒီလိုကျန်းမာဖို့အတွက် နေ့စဉ်လမ်းများများလျှောက်ပါတယ်။ စာရေးသူလိုပဲ အခြားဝန်ထမ်းတွေလည်း လမ်းလျှောက်ကြလို့ ကျန်းမာကြမှာပဲဖြစ်ပါတယ်။

လွယ်လင့်တကူ ကျန်းမာရေးလုပ်ဆောင်မှုကတော့ သွားသွားလာလာ **‘အလုပ်လုပ်ရင်း ကျန်းမာ၊ ကျန်းမာလို့ အလုပ်လုပ်’**လို့ ဆိုရမှာဖြစ်ပါတယ်။ စာရေးသူတို့ အလုပ်လုပ်တဲ့ မြို့တော်မှာရှိတဲ့ ရုံးတွေဟာ မြေဧရိယာကျယ်ဝန်းပြီး တောင်ကုန်းတောင်စွယ်လေးတွေပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ တစ်ရုံးနဲ့တစ်ရုံး အလှမ်းကွာဝေးသလို ဝန်ထမ်းအိမ်ရာတွေနဲ့ ရုံးတွေကလည်း တသီးတခြားစီလို တည်ရှိနေပါတယ်။ ရုံးနဲ့ကားဂိတ်၊ ရုံးနဲ့ဈေးဆိုရင်လည်း အတော်လေးလှမ်းပါတယ်။ နောက်ပြီး ရုံးတွေရော ဝန်ထမ်းအိမ်ရာတွေပါ အမြင့်ဆုံးသုံးထပ်သာ ဖြစ်ပါတယ်။ ရုံးတွေ၊ အိမ်ရာတွေမှာလည်း ဓာတ်လှေကားတွေ တပ်ဆင်မထားပါဘူး။ ဒါကြောင့် ဝန်ထမ်းအိမ်ရာနဲ့ ကားဂိတ်၊ ကားဂိတ်နဲ့ရုံး၊ တစ်ရုံးနဲ့တစ်ရုံး၊ တစ်နေရာနဲ့တစ်နေရာ ဖွဲ့စည်းတည်ဆောက်ထားမှုဟာ မွန်းကျပ်ပြွတ်သိပ်မနေဘဲ ကိုယ်လက်လှုပ်ရှား ကျန်းမာကြံ့ခိုင်ဖို့အတွက် သင့်တော်တဲ့အနေအထားမှာ ရှိနေပါတယ်။ နေ့စဉ် ကူးသန်းသွားလာရတာတွေကို တွက်ချက်ကြည့်ရင် စုစုပေါင်း နှစ်မိုင်ခန့်မှာရှိနေပါတယ်။

လူတစ်ယောက်ဟာ ကျန်းမာသန်စွမ်းဖို့အတွက် နေ့စဉ် အနည်းဆုံး တစ်မိုင်ခန့် လမ်းလျှောက်ပေးသင့်တယ်လို့ သိရပါတယ်။ စာရေးသူတို့ ဝန်ထမ်းတွေ တစ်နေ့နှစ်မိုင်ခန့် လမ်းလျှောက်ရတာမို့ လုံလောက်တဲ့ ကျန်းမာရေးလေ့ကျင့်ခန်းကို အထူးတလည်မလုပ်ဘဲ အလိုအလျောက်ရနေပါပြီ။ လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ရင် ခပ်သွက်သွက်၊ ခပ်မြန်မြန် လျှောက်ပေးရပါတယ်။ ဝန်ထမ်းတွေဟာ အလုပ်ကို အချိန်နဲ့တစ်ပြေးညီ လုပ်ရလို့ ခပ်သွက်သွက်၊ ခပ်မြန်မြန်ချည်း လျှောက်ဖြစ်လာကြပါတယ်။

“အကယ်၍ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှသုံးနာရီအထိ တစ်နာရီသုံးမိုင်နှုန်း လမ်းလျှောက်မည်ဆိုပါက လေ့ကျင့်ခန်းမလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှု ၃၀ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း တွေ့ရှိရသည်။ ထို့ပြင် လူတစ်ယောက်သည် တစ်ပတ်လျှင် သုံးနာရီထက်ပို၍ လျှောက်မည်ဆိုလျှင် နောက်ထပ် ၅ ရာခိုင်နှုန်း ယင်းအန္တရာယ်မှ လျော့ကျသွားကြောင်း တွေ့ရှိကြရသည်။

လမ်းလျှောက်သည့် အမြန်နှုန်းမှာလည်း အရေးကြီးကြောင်း တွေ့ရှိရသည်။ လူတစ်ဦးသည် သက်သောင့်သက်သာဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက် လျော့နည်းသောနှုန်းဖြင့် လျှောက်ပါက နှလုံးထိခိုက်မှု အန္တရာယ်မှ ၂၅ ရာခိုင်နှုန်း လျော့နည်းပြီး အကယ်၍ ၎င်းသည် သုံးမိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုပါက ၃၆ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သုတေသီများက သုတေသနပြုလုပ်ထားသည်”

ဟု ခပ်မြန်မြန်လမ်းလျှောက်၍ လေ့ကျင့်ခန်းပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကို ၂၇-၈-၂၀၀၀နေ့ထုတ် The New Light of Myanmar သတင်းစာရဲ့ သတင်းတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။

လမ်းလျှောက်ခြင်းဖြင့်ရရှိလာတဲ့ ကျန်းမာရေးအကျိုးသက်ရောက်မှုတွေက များလှပါတယ်။ လမ်းလျှောက်ခြင်းဟာ လူတွေရဲ့ကျန်းမာရေးကို များစွာ အကျိုးပြုကြောင်း သုတေသနပြုထားတဲ့ အင်တာနက်သတင်းတစ်ပုဒ်ကိုလည်း မကြာသေးခင်က ဖတ်လိုက်ရပါတယ်။ ဒီဖော်ပြချက်မှာ **လမ်းလျှောက်ခြင်းဟာ သွေးတိုးရောဂါကို လျော့ကျစေတယ်၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းမှုကို ဖြစ်စေတယ်၊ အရိုးအဆစ်တွေကို သန်မာစေတယ်၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်တယ်၊ ကြွက်သားများသန်မာပြီး သွေးကြောလေကြောကို ပွင့်စေတယ်၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုလက်စထရောတွေ လျော့ကျစေနိုင်တယ်၊ လူမှုဘဝ နေထိုင်မှုတွေမှာ လိုက်လျောညီထွေဖြစ်စေတယ်၊ မိသားစုဘဝတစ်ခုလုံးအတွက် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးတွေ ရရှိစေတယ်လို့** ဖော်ပြထားပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတွေဟာ ကာယအားစိုက်ထုတ်မှု လျော့နည်းလာပါတယ်။ မော်တော်ယာဉ်တွေကို ပိုမိုသုံးစွဲလာပါတယ်။ စက်ယန္တရားပစ္စည်းတွေကို အစားထိုးအသုံးပြုလာပါတယ်။ ဒါကြောင့် လူ့စွမ်းအား စိုက်ထုတ်မှုနည်းလို့ လူ့ခန္ဓာကိုယ်မှာ ကယ်လိုရီချေဖျက်လောင်ကျွမ်းမှု သိသာစွာလျော့နည်းလာပါတယ်။ ကိုယ်လက်လှုပ်ရှားမှုနည်းလာခြင်း၊ အစားများခြင်းကြောင့် ကိုယ်တွင်း ပိုလျှံစွမ်းအင်ဟာ အဆီအဖြစ် ပြောင်းလဲသွားပါတယ်။ ဒါ့ကြောင့် ဝလာခြင်း၊ ရောဂါထူပြောလာခြင်းတွေ ဖြစ်လာပါတယ်။

ကမ္ဘာကြီးမှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးလို့ နှစ်စဉ်လူနှစ်သန်းခန့် သေဆုံးနေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနပြုထောက်ပြထားပါတယ်။ လှုပ်ရှားမှုနည်းလာတာနဲ့အမျှ အဝလွန်လာပြီး ရောဂါဘယ ထူပြောလာတာဖြစ်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဓိကအဖြစ်များတဲ့ ရောဂါတွေကတော့ နှလုံးသွေးကြောရောဂါ၊ အူမကြီးကင်ဆာနဲ့ ဆီးချိုရောဂါတွေပါပဲ။ ဒီရောဂါတွေ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်နည်းဟာ ကျန်းမာအောင် လမ်းလျှောက်ခြင်းပဲ ဖြစ်ပါတယ်။

အမြန်လမ်းလျှောက်လို့ ခန္ဓာကိုယ်ကို ဘယ်လိုအကျိုးပြုသလဲဆိုရင်တော့ သွေးအတွင်းက အဆီကို ကျစေနိုင်တယ်။ သွေးလွှတ်ကြောမာဆတ်မှုကို ကာကွယ်နိုင်တယ်။ နှလုံးပတ်သွေးကြောရောဂါမဖြစ်အောင် ကာကွယ်နိုင်တယ်။ ကြွက်သားဆဲလ်အမြှေးပါး တိုးပွားစေတယ်။ ဆီးချိုရောဂါကာကွယ်မှုနဲ့ သက်သာမှုကို ဖြစ်ပေါ်စေတယ်။ အရိုးဆဲလ်များကို ပိုမိုနိုးကြွစေလို့ အသက်ကြီးတဲ့သူတွေ ဖြစ်တတ်တဲ့ အရိုးပွရောဂါကို သက်သာစေတယ်။ အရိုးကို ကြံ့ခိုင်အောင် လုပ်ပေးနိုင်ပါတယ်။

ဒါ့အပြင် ကိုယ်လက်လှုပ်ရှား အားကစားသဘောမျိုး ဖြစ်လာတာကြောင့် နှလုံးစွမ်းအား၊ အဆုတ်စွမ်းအားကို တိုးစေနိုင်တယ်။ ကင်ဆာအကျိတ်အဖု (ဥပမာ-အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ)ရောဂါဖြစ်ပွားနှုန်းကို လျော့ပါးစေတယ်။ နာကျင်မှုသက်သာခြင်း၊ စိတ်ခံစားမှုတိုးတက် ကောင်းမွန်ခြင်းနဲ့ စိုးရိမ်ပူပန်မှု ကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်စေနိုင်တယ်လို့ မြန်မာနိုင်ငံက ဆေးပညာပေးစာအုပ်တွေမှာလည်း ဖော်ပြထားတာ လေ့လာဖတ်ရှုရပါတယ်။

၁၉၉၂ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက **‘လမ်းလျှောက်ခြင်းသည် မာကျောလာသော သွေးလွှတ်ကြောကို ပြောင်းပြန်တိုးတက်မှုဖြစ်စေပါတယ်။ တစ်နှစ်ခန့် မှန်မှန်လမ်းလျှောက်ခဲ့ပါလျှင် အထက်ပါစကားကို သက်သေထူနိုင်မယ်’**လို့ ဆိုထားပါတယ်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ၏ ကမ်းခြေကျောက်သားကမ်းပါးတစ်ခုမှာ-

သင်...ကျန်းမာချင်ပါသလား။

သင်...လမ်းလျှောက်ပါ။

သင်...ဉာဏ်ကောင်းချင်ပါသလား။

သင်...လမ်းလျှောက်ပါ။

သင်...လှချင်ပါသလား။

သင်...လမ်းလျှောက်ပါ

လို့ ထုဆစ်ရေးထိုးထားပါတယ်။

ဒီစာတန်းကို ထောက်ရှုခြင်းအားဖြင့် လမ်းလျှောက်ခြင်းဟာ ဘယ်လောက်အကျိုးများပြီး ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာကို သိသာနိုင်ပါတယ်။ ကျွန်တော်တို့ မြို့တော်မှာရှိတဲ့ ဝန်ထမ်းတွေဟာ လမ်းလျှောက်တာ များပါတယ်။ နေအိမ် အဆောက်အအုံများမှာလည်း အတက်အဆင်း များပါတယ်။ ဘတ်စ်ကားမှတ်တိုင်ရှိရာသို့လည်း လမ်းလျှောက်သွားရပါတယ်။ တစ်ရုံးနဲ့တစ်ရုံးလည်း လမ်းလျှောက်သွားရပါသေးတယ်။ ယခင်က လမ်းလျှောက်ရလို့ ညည်းတွားခဲ့တဲ့ စာရေးသူတို့ဟာ လမ်းလျှောက်ခြင်းကြောင့်ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိလာရတော့ လမ်းလျှောက်ရတာကို ပိုလို့ နှစ်သက်လာပါတယ်။

တလောကဖတ်လိုက်ရတဲ့ နိုင်ငံခြားသတင်းတစ်ပုဒ်မှာ တုတ်ကောက်နဲ့ အဘိုးအိုတစ်ဦးဟာ တစ်နေ့ကိုနှစ်နာရီမှန်မှန်လမ်းလျှောက်လို့ အသက် (၁၀၀) ပြည့်တဲ့ ယနေ့တိုင်အောင် ကျန်းမာနေဆဲရှိပါတယ်ဆိုတဲ့အကြောင်း ဖတ်လိုက်ရတော့ လမ်းလျှောက်ခြင်းဟာ အသက်ရှည်ကျန်းမာခြင်းပဲလို့ ပိုမိုလက်ခံလာကြပါတယ်။

ရောဂါတစ်ခုခု ရလာပြီဆိုရင် မိသားစုအိမ်တွင်းရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများ ကြုံတွေ့လာတတ်ပါတယ်။ ငွေကြေးကုန်ကျမှုကလည်း အဓိကအခန်းက ပါလာပါတယ်။ နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ဖြစ်လာလတ္တံ့သော ရောဂါများကို ကြိုတင်ကာကွယ်နိုင်မှာဖြစ်လို့ လမ်းလျှောက်တဲ့အခါတိုင်း၊ ခြေလှမ်းတစ်လှမ်း လှမ်းတဲ့အခါတိုင်းဟာ ရွှေထက်ပင် တန်ဖိုးများလိမ့်မယ်လို့ တွေးနေမိပါတော့တယ်။ စာရေးသူတို့ ဝန်ထမ်းတွေ နေ့စဉ်ရုံးတက်ရာမှာ၊ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရာမှာ လမ်းလျှောက်ခြင်းကို ကျန်းမာရေးလေ့ကျင့်ခန်းသဖွယ် သဘောထားလုပ်ဆောင်ခြင်းဖြင့် ပိုပြီး ကျန်းမာကြံ့ခိုင်လာမှာဖြစ်သလို ကျန်းမာကြံ့ခိုင်မှုဖြင့် နိုင်ငံ့တာဝန်ကို စွမ်းအားပြည့်ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

အမြန်လမ်းလျှောက်လို့ ခန္ဓာကိုယ်ကို ဘယ်လိုအကျိုးပြုသလဲဆိုရင်တော့ သွေးအတွင်းက အဆီကို ကျစေနိုင်တယ်။ သွေးလွှတ်ကြော မာဆတ်မှုကို ကာကွယ်နိုင်တယ်။ နှလုံးပတ် သွေးကြောရောဂါမဖြစ်အောင် ကာကွယ်နိုင်တယ်။ ကြွက်သားဆဲလ်အမြှေးပါး တိုးပွား စေတယ်။ ဆီးချိုရောဂါ ကာကွယ်မှုနဲ့ သက်သာမှုကို ဖြစ်ပေါ်စေတယ်။ အရိုးဆဲလ်များကို ပိုမိုနိုးကြွစေလို့ အသက်ကြီးတဲ့သူတွေ ဖြစ်တတ်တဲ့ အရိုးပွရောဂါကို သက်သာစေတယ်။ အရိုးကို ကြံ့ခိုင်အောင် လုပ်ပေးနိုင်ပါတယ်။

မတ် ၂၄ ရက်က နယ်လှည့် စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဖွင့်ပွဲ အခမ်းအနားကို ရန်ကင်းမြို့နယ် အမှတ်(၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး တွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွေးမောင်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်သန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၃၁-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅ ၇။ ခါသကြိန်အဆိုအကများ
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၅ ၆။ ခါသကြိန်အဆိုအကများ
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀ ၉။ ခါသကြိန်အဆိုအကများ
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **“ပါကျဲ”** (အပိုင်း-၂၅)
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း-၁၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ Goals Show
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပါရမီရှင် သိုင်းလုလင်”** (အပိုင်း-၂၈)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အိန္ဒိယနိုင်ငံအနောက်ပိုင်း လာဆာကျေးရွာတွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်နေသည်ဟု သံသယရှိသော ကြက်များအား ကျန်းမာရေးအလုပ်သမားများ မတ် ၂၇ရက်က စုဆောင်းနေစဉ်။

(အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ကျေးရွာများတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း အတည်ပြုခဲ့ပြီးနောက် ကျန်းမာရေးအလုပ်သမားများသည် ကြက်ကောင်ရေ၂၅၀၀၀၀ကို သုတ်သင် ရှင်းလင်းပစ်ခဲ့သည်။) **(ဓာတ်ပုံ–အင်တာနက်)**

လူမှောင်ခိုကူးသည့်ဂိုဏ်းအား ဂရိရဲတပ်ဖွဲ့ ဖမ်းဆီး

အေသင် မတ် ၃၀

ရက်၂၀သားအရွယ် မိန်းကလေးတစ်ဦးအား ဂရိဇနီးမောင်နှံထံသို့ ရောင်းချခဲ့သော လူ ၁၀ဦးအား ဂရိ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ယခုလအတွင်း၌ ကလေးများ လူမှောင်ခိုကူးသည့်ဂိုဏ်းကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်း ဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက မတ် ၂၈ရက်တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့သည် ၎င်းဇနီးမောင်နှံ အပါအဝင် ဂရိလူမျိုးလေးဦးနှင့် ဘူလ်ဂေးရီးယား ခြောက်ဦးကို ဖမ်းဆီးထားခဲ့သည်။ ၎င်းဇနီး မောင်နှံသည် အေသင်မြို့လယ် ပန်းခြံထဲတွင် ကလေးလာရောက်ရောင်းသူများကို ယူရိုငွေ ၁၅၀၀၀ ပေးနေစဉ် ဖမ်းဆီးမိခဲ့ခြင်း ဖြစ်သည်။

ပြောကြား

ဖမ်းဆီးခံသူများထဲတွင် ဂရိရှေ့နေ တစ်ဦးလည်း ပါဝင်သည်။ ၎င်းရှေ့နေက ယင်းဇနီးမောင်နှံသည် ယင်းကလေးကို ဥပဒေနှင့်အညီ မွေးစားရန်အတွက် ဝယ်ယူခြင်း ဖြစ်ကြောင်း သက်သေအထောက်အထားပြ၍ အကာအကွယ်ပေးမည့်သူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တစ်လသားအရွယ်ကလေးငယ် တစ်ဦးကို ခေါ်ဆောင်လာသော ဘူလ်ဂေးရီးယား အမျိုးသမီးနှစ်ဦးကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ၎င်းအမျိုးသမီးနှစ်ဦးသည် ဂရိဇနီးမောင်နှံသို့ ဒုတိယမြောက် ကလေးလာရောက် ရောင်းသူများအဖြစ် ရဲတပ်ဖွဲ့က ယုံကြည်သည်။

ဖမ်းဆီးထားသူများကို စစ်ဆေးမေးမြန်းလျက်ရှိပြီး ယခုကဲ့သို့သော လူမှောင်ခိုကူးသည့်ဂိုဏ်းများအား တိုက်ခိုက်နှိမ်နင်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အေသင်ရဲတပ်ဖွဲ့က ရိုက်တာသို့ ပြောကြားသည်။

ဘူလ်ဂေးရီးယားရှိ လူမှောင်ခိုကူးဂိုဏ်းများသည် ဆင်းရဲနွမ်းပါးသော အမျိုးသမီးများကို အတိုးနှုန်းမြင့်၍ ချေးငွေများကို ထုတ်ချေးကြသည်။ ချေးငွေများ ပြန်မဆပ်နိုင်သော မိသားစုများကို ကလေးများ မွေးဖွားခိုင်းပြီး ၎င်းတို့ကို မွေးစားရန်အတွက်ပေးရန် အကျပ်ကိုင်ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

နယူးဇီလန်ရောက် ဗြိတိန်ဝန်ကြီးချုပ် စစ်ဆန့်ကျင်ရေးဆန္ဒပြမှုနှင့် ရင်ဆိုင်ကြုံတွေ့

အောက်ကလန် မတ် ၂၉

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အင်္ဂါနေ့က နယူးဇီလန်ခရီးစဉ်အစတွင် စစ်ဆန့်ကျင်ရေးကန့်ကွက်ဆန္ဒပြမှုများနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။

လူအင်အား ၈၀မှ ၁၀၀ခန့်အထိရှိသော ဆန္ဒပြသမားများက “သွေးစွန်းသောလက်များ”၊ “ဗြိတိန်စစ်တပ်၊ လူသတ်ယန္တရား” စသဖြင့် ကြွေးကြော်ကြသည်။

အီရတ်စစ်ပွဲတွင် အမေရိကန်သမ္မတဘုရှ်၏အဓိကမဟာမိတ် တိုနီဘလဲ၏ ၂၄ နာရီကြာ နယူးဇီးလန် ခရီးစဉ်၌ စစ်ဆန္ဒပြသမားများက “အကြမ်းဖက်စစ်ပွဲ ဆန့်ကျင်ရေး အလုပ်သမားများစည်းလုံးကြ၊ အီရတ်စစ်ပွဲချက်ချင်းရပ်စဲ” စသောဆိုင်း ဘုတ်များကိုလည်း ကိုင်ဆောင်လာကြသည်။

နယူးဇီလန်နိုင်ငံက ကုလသမဂ္ဂ၏အခွင့်အမိန့်မရဘဲ အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံအား ကျူးကျော်မှုကို ဆန့်ကျင်သည်။ သို့သော် ၂၀၀၄ ခုနှစ် ပြန်လည်တည်ဆောက်ရေးတွင် ကူညီရန် နယူးဇီလန်နိုင်ငံက အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ကို စေလွှတ်သည်။ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် ဩစတြေးလျနိုင်ငံမှတစ်ဆင့် နယူးဇီလန်သို့ အင်္ဂါနေ့က ရောက်ရှိလာခြင်း ဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**

ဆင်းရဲသောနိုင်ငံများ၏ ကြွေးမြီ ၃၇ဘီလီယံ ကမ္ဘာ့ဘဏ်ကလျှော်ပစ်မည်

ဝါရှင်တန် မတ် ၃၀

ကမ္ဘာ့ဘဏ်က အနာဂတ်ချေးငွေများအတွက် ငွေကြေးကို မည်သို့မည်ပုံ ရှာဖွေမည်ကို အင်္ဂါနေ့က ဖြေရှင်းခဲ့ပြီးနောက် ဆင်းရဲသောနိုင်ငံများအတွက် ကြွေးမြီဒေါ်လာ ၃၇ ဘီလီယံကို လျှော်ပစ်ရန် ကမ္ဘာ့ဘဏ်အမှုဆောင် ညွှန်ကြားရေးမှူးက သဘောတူညီလိုက်သည်။

တိုးချဲ့ထားမည်

အဆိုပါ ကြွေးမြီသက်သာချောင်ချိရေးအစီအစဉ်ကို ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးနှစ်အစ ဇူလိုင် ၁ရက်က စတင်ပြီဖြစ်ကာ အနှစ်၄၀ ကာလတစ်ရပ်ကို တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ကြွေးမြီသက်သာခွင့်ရသော နိုင်ငံပေါင်း ၁၇ နိုင်ငံရှိရာ ယင်းတို့မှာ ဘိုလီးဗီးယား၊ ဘီနင်၊ ဘူကီနာဖာဆို၊ ဆီနီဂေါ၊ ဂူယာနာ၊ တန်ဇန်းနီးယား၊ မိုဇမ်ဘစ်၊ နီကါရာဂွါ၊ နိုင်ဂျာ၊ မာလီ၊ ရဝမ်ဒါ၊ အီသီယိုပီးယား၊ ဟွန်ဒူးရပ်စ်၊ ဂါနာ၊ ယူဂန္ဓာ၊ ဇမ်ဘီယာနှင့် မဒါဂတ်စကာ၊ မောရှေတန်နီးယားတို့ ပါဝင်သည်။

သဘောတူညီခဲ့

ယင်းကြွေးမြီသက်သာခွင့်များသည် ဆင်းရဲသောနိုင်ငံများ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ပေါလ်ဝေါလ်ဖောဝစ်ဇ်က ပြောကြားသည်။ စက်မှုရှစ်နိုင်ငံဖြစ်သော ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ရုရှားနှင့် အမေရိကန်တို့က ပြီးခဲ့သည့်နှစ်က အဆိုပါ ကြွေးမြီများ ဆင်းရဲသောနိုင်ငံများအား လျှော်ပစ်ရန် သဘောတူညီခဲ့ကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အကြမ်းဖက်နှိမ်နင်းရေးလေ့ကျင့်

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် အကြမ်းဖက်နှိမ်နင်းရေး လေ့ကျင့်မှုအဖြစ် ဂျော်ဒန်အထူး ရဲတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ပေါ်မှ ဘတ်စ်ကားတစ်စီးပေါ်သို့ ခုန်ချကာ အကြမ်းဖက်သမားအား နှိမ်နင်းတိုက်ခိုက်မှုလေ့ကျင့်ခန်းများကို မတ်၂၈ရက်က ပြုလုပ်နေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မလေးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေ

ကွာလာလမ်ပူ မတ် ၃၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ပီထရိုနပ်စ် အမြွှာ မျှော်စင်ဘေးမှ တစ်လမ်းပြေးမီးရထားတစ်စင်း ဖြတ်သန်းမောင်းနှင်သွားသည်ကို မတ် ၂၉ရက်က တွေ့ရခြင်း ဖြစ်သည်။ **(ဝဲပုံ)**

အောင်မြင်မှုရရှိ

မလေးရှားနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၀၁မှ ၂၀၀၅ခုနှစ်ကို ရှစ်ကြိမ်မြောက် စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။

သုံးစွဲသွားမည်

ထို့ကြောင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဘာဒါဝီသည် နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်အတွက် ကိုးကြိမ်မြောက် စီမံကိန်းကို ရေးဆွဲခဲ့ပြီး ရင်းဂစ်ငွေ ဘီလီယံ ၂၀၀အထိ ကျခံသုံးစွဲသွားမည်ဟု မျှော်လင့်ထားသည်။ ယင်းပမာဏသည် ရှစ်ကြိမ်မြောက် စီမံကိန်းထက် ၂၅ရာခိုင်နှုန်း ပိုမိုသည်။

(အင်တာနက်)

ဟင်းသီးဟင်းရွက်နှင့်တိရစ္ဆာန်အဆီမှဇီဝလောင်စာထုတ်ရန် ဖင်လန်နှင့် ဩစတြေးလျတို့ စက်ရုံတည်ဆောက်မည်

ဟီလ်ဆင်ကီ မတ် ၃၀

ဖင်လန် နက်စ်တေရေနံကုမ္ပဏီနှင့် ဩစတြေးလျရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီ အိုအမ်ဘီတို့သည် ဇီဝလောင်စာ ထုတ်လုပ်ရေးအတွက် ကြီးမားသည့် စက်ရုံတစ်ရုံကို ပူးပေါင်းတည်ဆောက်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း နက်စ်တေရေနံကုမ္ပဏီက မတ်၂၇ရက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

ကုမ္ပဏီနှစ်ခု၏ သဘောတူစာချွန်လွှာအရ စက်ရုံကို ဩစတြေးလျရှိ အိုအမ်ဘီ ရေနံချက်စက်ရုံနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ဇီဝလောင်စာဆီကို ၂၀၀၈ ခုနှစ်ကုန်၌ စတင်ထုတ်လုပ်မည်ဖြစ်သည်။

ထုတ်လုပ်မည်

အဆိုပါစက်ရုံကို နက်စ်တေ၏ အင်အက်ဖ်အိတ်စ်ဘီတီအယ်လ် နည်းပညာကို အသုံးပြုမည်ဖြစ်ပြီး ကုန်ကြမ်းအဖြစ် ဟင်းသီးဟင်းရွက်အဆီနှင့် တိရစ္ဆာန်အဆီကို ပြုပြင်ပြောင်းလဲကာ အဆင့်မြင့်ဇီဝလောင်စာ စွမ်းအားရယူပြီး တစ်နှစ်လျှင် ဇီဝ ဒီဇယ်ဆီ ၂၀၀၀၀၀ ထုတ်လုပ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အဝေးပြေးလမ်းအက်ကွဲပြီး မြေပြိုမှုဖြစ်ပွား

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဟေဘေးပြည်နယ်နှင့် ရှန်စီပြည်နယ်ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမတစ်ခုသည် မတ် ၂၈ရက်က အက်ကွဲပြီး လမ်းမြေပြိုမှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ယင်းလမ်း မြေပြိုကျမှုကြောင့် ဟေဘေးပြည်နယ်နှင့် ရှန်စီပြည်နယ် အဝေးပြေးလမ်းပေါ်ရှိ ရှုဂုန်းအရပ် လမ်းပိုင်းတွင် ယာဉ်သွားလာမှုများ လုံးဝရပ်ဆိုင်းသွားသည်။ လမ်းမြေပြိုကျမှုကြောင့် အရှည် မီတာ ၁၀၀၊ အကျယ် ၁၀မီတာနှင့် အနက် ၁၀မီတာရှိသော ကျင်းကြီးဖြစ်ပေါ်ခဲ့သည်။

သို့သော် ဒဏ်ရာရရှိသူတစ်ဦးတစ်ယောက်မျှ မရှိခဲ့ကြောင်း၊ ယင်းမြေပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ အသေးစိတ်မသိရသေးကြောင်း ရိုက်တာသတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

အီရတ် ရဲပိုလ်ချုပ်တစ်ဦး အဂတိလိုက်စားမှုဖြင့် ထိန်းသိမ်းခံရ

ဘဂ္ဂဒက် မတ် ၃၀

အီရတ်အာဏာပိုင်များက အဂတိလိုက်စားမှု၊ လုံခြုံရေးခြိမ်းခြောက်မှုတို့ဖြင့် ရဲတပ်ဖွဲ့မှ ရဲဗိုလ်ချုပ်တစ်ဦးကို တနင်္လာနေ့က ဖမ်းဆီးအရေးယူလိုက်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဖမ်းဆီးလိုက်

ဖမ်းဆီးခံရမှုမှာ ဘဂ္ဂဒက်အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်ရဲတပ်ဖွဲ့မှူးရဲဗိုလ်ချုပ် ဂက်ဆန်အယ်ကာဝီဖြစ်သည်။ ၎င်း၏ညီ ရဲတပ်ဖွဲ့ရဲမှူး အာကန်အယ်ဘာဝီအဖမ်းခံရပြီး နောက်တစ်ရက်တွင် သက်ဆိုင်ရာမှ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ဘာကူဘာမှ လက်ဖြောင့်တပ်ဖွဲ့တွင် ပါဝင်သည်ဆိုကာ ရဲမှူးအာကန်အယ်ကာဝီကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

မဟုတ်မမှန်ငြင်းဆို

ရှီးရိုက်ဦးဆောင်သည့် အီရတ်အစိုးရသည် လက်ဖြောင့်တပ်များကို ခွင့်ပြုထားသည်ဟု ဆွန်နီအာရပ်များက စွပ်စွဲသည်။ အစိုးရကမူ မဟုတ်မမှန်ကြောင်းငြင်းဆိုသည်။

တွန်းပို့လျက်ရှိ

လွန်ခဲ့သည့်လက ရှီးရိုက်အထွတ်အမြတ်နေရာကို ဗုံးခွဲတိုက်ခိုက်ခံရပြီး ကတည်းက ရာပေါင်းများစွာသော အလောင်းများကိုတွေ့ရသည်။ ယင်းမှာ လက်တုံ့ပြန်သည့်သဘောသက်ရောက်ပြီး ဂိုဏ်းဂဏအခြေခံသည့် ပြည်တွင်းစစ်နှုတ်ခမ်းဝသို့ အီရတ်ကို တွန်းပို့လျက်ရှိသည်။

အလောင်းအများစုမှာ သေနတ်ကျည်ဆန်ရာများနှင့်ပြည့်နှက်လျက်ရှိပြီး ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာများတွေ့ရသည်။ **အမ်အင်အေ၊ ရိုက်တာ**

အိန္ဒိယ၌ ဒုံးပစ်လောင်ချာ နှစ်ကြိမ်စမ်းသပ်ပစ်လွှတ်

နယူးဒေလီ မတ် ၃၀

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဩရိဿပြည်နယ်ရှိ ကာကွယ်ရေးအခြေစိုက်စခန်းမှ ဒုံးပစ်လောင်ချာပင်နာကာကို မတ် ၂၈ ရက်က နှစ်ကြိမ်စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်ဒို-အာရှ သတင်းဌာနက ဖော်ပြသည်။

ပထမစမ်းသပ်ပစ်လွှတ်မှုကို မတ် ၂၈ ရက်ညနေ ၃နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ဒုတိယစမ်းသပ်ပစ်လွှတ်မှုကို ညနေ ၃နာရီ ၄၅ မိနစ်တွင်လည်းကောင်း အိန္ဒိယကမ်းရိုးတန်းခရိုင်ဖြစ်သော ဘာလာဆိုရီခရိုင်ရှိ လက်တွေ့စမ်းသပ်မှုနှင့် လက်တွေ့သုတေသနဌာနမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပင်နာကာ ဒုံးပစ်လောင်ချာကို အိန္ဒိယနိုင်ငံက ရာနှုန်းပြည့်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၃၉ ကီလိုမီတာမှ ကီလိုမီတာ ၄၀ အကွာအဝေးအထိ ပစ်လွှတ်နိုင်ကာ မိနစ် ၄၀ အတွင်း ၁ ဒသမ ၂တန်လေးသည့် ဒုံးပျံ ၁၂ စင်းကို တစ်ပြိုင်နက်ပစ်လွှတ်နိုင်ကြောင်း သတင်းဌာနကဖော်ပြသည်။

အဆိုပါစမ်းသပ်မှုမှာ ပုံမှန်လေ့ကျင့်ခြင်းသာဖြစ်ကြောင်း ကာကွယ်ရေးအရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ထိုင်းနိုင်ငံတွင် တိုးမြှင့်ဆောင်ရွက်နေ

ဗန်ကောက် မတ် ၃၀

အိမ်နီးချင်း မလေးရှားနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေမှုကို အတည်ပြုလိုက်ပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်း ရာလာပြည်နယ်မှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများသည် နိုင်ငံအတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေများ လေ့လာစောင့်ကြည့်ခြင်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများက မတ် ၂၉ရက်၌ အစီရင်ခံတင်ပြသည်။

လွန်ခဲ့သော နှစ်လအတွင်းက မလေးရှားနိုင်ငံ၏ ပီနန်၊ တာရင်ဂါနူနှင့် ပီရတ်ခ်ပြည်နယ်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီးနောက် ထိုင်းအာဏာပိုင်များသည် ကြက်ငှက်တုပ်ကွေး တားဆီးကာကွယ်မှုနှင့် ကြိုတင်ပြင်ဆင်ခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း ရာလာပြည်နယ် မွေးမြူရေးခြံများကူးစက်ရောဂါ ထိန်းချုပ်ရေးအဖွဲ့ အကြီးအကဲ ချမ်ဆောင်ကောက ပြောကြားသည်။

နယ်စပ်ရှိ မွေးမြူရေးခြံများတွင် လေ့လာစောင့်ကြည့်ရန်အတွက် အကောက်ခွန်ဌာနမှ တာဝန်ရှိသူများ၊ နယ်စပ်ကင်းလှည့်ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရာတွင် မဟာဗျူဟာများကို မြေပုံများရေးဆွဲခဲ့ကြောင်း ၎င်းက ဗန်ကောက်ပို့စ်သတင်းစာသို့ ပြောကြားခဲ့သည်။

မလေးရှားနယ်စပ်ရှိ ထိုင်းနိုင်ငံ၏ ရာလာပြည်နယ်တွင် တိရစ္ဆာန်ဆေးကုသရေးအဖွဲ့များက တင်းတင်းကျပ်ကျပ် လေ့လာစောင့်ကြည့်နေခဲ့ ခြင်းကြောင့် ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုနှင့်ပတ်သက်၍ အစီရင်ခံစာ တင်ပြလာခြင်းမရှိသေးကြောင်း ချမ်ဆောင်ကောက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ဟောင်ကောင်၌ သိမ်းငှက်တစ်ကောင်သေဆုံး

ဟောင်ကောင် မတ် ၃၀

ယခု ရက်သတ္တပတ်အတွင်း ဟောင်ကောင်အထူးဒေသ တင်ရှုယီဝေတွင် တွေ့ရှိခဲ့သည့် အမဲလိုက်သိမ်းငှက်ကို ဓာတ်ခွဲခန်း၌ စမ်းသပ်ခဲ့ရာ အိတ်ချ်(၅)အင်န်(၁)ရောဂါပိုးရှိကြောင်း ဟောင်ကောင်စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဌာန(အေအက်ဖ်စီဒီ)က မတ် ၂၅ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါ သိမ်းငှက်ကို မတ် ၂၁ ရက်က ကျယ်ပြန့်သည့် လေ့ကားထစ်စိုက်ခင်းအတွင်း ပြည်သူများက တွေ့ရှိပြီး ၎င်းတို့၏လွှဲအပ်ချက်အရ အေအက်ဖ်စီဒီ အမှုထမ်းများက ရယူခဲ့ပြီးနောက်ပိုင်း ယင်းသိမ်းငှက် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ရောဂါမဖြစ်ပွားရေးအတွက် ဂရုတစိုက်ရှိကြသည့် ပြည်သူများအဖြစ် ၎င်း တို့အား ဌာနပြောရေးဆိုခွင့်ရှိသူက ချီးကျူးပြောဆိုလိုက်သည်။

အမ်အင်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဘောလုံးစက်ဘီး

ဘောကန် ဘောလုံးပေါင်း ၁၀၀ ကျော်ဖြင့် ပြုလုပ်ဖန်တီးထားသည့် သုံးဘီးစက်ဘီးကြီးကို တွေ့ရစဉ်။ (အောက်ပုံ)

ဂျာမနီမြို့တော် ဘာလင်တောင်ဘက်ရှိ စတာကောအရပ်တွင် အသက်(၅၄)နှစ်အရွယ်ရှိ ဒီဒီဆန့်ဖ် ဆိုသူသည် ဘောလုံးပေါင်း ၁၀၀ကျော်ဖြင့် ၎င်းဖန်တီးပြုလုပ်ထားသော ကမ္ဘာ့အကြီးဆုံး ဘောလုံးစက်ဘီးကြီးကို ဤသို့ စီးပြခဲ့သည်။

(အင်တာနက်)



ဂင်းနက်စ်မှတ်တမ်းဝင်မည့် ကိတ်မုန့်ကြီး

ဂင်းနက်စ်မှတ်တမ်းစံချိန်ဝင်မည့် ကြီးမားသော ကိတ်မုန့်ကြီးနှင့် အတူ ညှော့ပရိသတ်များကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ကန်ဒွန်မြို့၏ နွေရာသီပွဲတော်အတွက် ပြင်ဆင်ပြုလုပ်ထားသည့် ယင်းကိတ်မုန့်ကြီးမှာ အချင်း ၂၂ပေ၊ အထု ၇လက်မရှိပြီး လူ ၄၅ယောက်က သုံးရက်တိုင်ပြုလုပ်ခဲ့ရသည်။၎င်းကိတ်မုန့်ကြီးသည် ဂင်းနက်စ်မှတ်တမ်းစံချိန်ချိုးနိုင်မည်ဟု မျှော်လင့်နေကြသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၄၀၀ ခန့်က ပိုးထည်စ တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိ

ချင်တူး မတ် ၃၀

တရုတ်ပြည်အနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ်၊ နန်ချွန်းမြို့ရှိ နှစ်ပေါင်း ၄၀၀ ခန့်က ဂူသင်္ချိုင်းတစ်ခုမှ ပိုးထည်စတစ်စကို တရုတ်ရှေးဟောင်းသုတေသန ပညာရှင်များက တူးဖော်တွေ့ရှိသည်။

အဆိုပါ ဂူသင်္ချိုင်းမှာ မင်မင်းဆက်(၁၃၆၈-၁၆၄၄)က ဂူသင်္ချိုင်းဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်စဉ်တွေ့ရှိခြင်းဖြစ်သည်။

ပိုးထည်စနှင့်အတူ ရှေးဟောင်း ဒင်္ဂါးပြားများနှင့် ကြေးမုန်တစ်ချပ်တို့ကိုလည်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တန့်ကြည့်တောင်ဆရာတော်ဩဝါဒပေးအပ်ပွဲ

ရန်ကုန် မတ် ၃၀

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီး ဘဒ္ဒန္တ သောမဗုဒ္ဓိသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်)၌ ဩဝါဒပေးမည်ဖြစ်ရာ ရာသက်ပန်ယောဂီများ ဧပြီ၂ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီခွဲတွင် ရိပ်သာသို့ကြွရောက်ကြရန် ကပ္ပိယကာရကအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

သက်တန့်ရောင်စဉ်များပန်းချီအလှ

ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ ပန်းချီပန်းပုပြခန်းတွင် ခင်းကျင်းပြသလျက်ရှိသော သက်တန့်ရောင်စဉ်များပန်းချီပြပွဲတွင် ပြသထားသော ပန်းချီဆရာဆန်းအောင်၏လက်ရာ "မြန်မာ့အလှသံစဉ်" ဆီဆေးပန်းချီကား (ယာပုံ) **နှင့် ပန်းချီဆရာမတင်တင်ခိုင်၏ "သစ်ခွပန်းအလှ" ဆီဆေးပန်းချီကား** (အပေါ်ပုံ) **တို့ကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက် ဒုလ္လဘ၊ ရှင်သာမဏေနှင့်သီလရှင်ဝတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏အရှေ့ဘက်၌တည်ရှိသော သတ္တဋ္ဌာန ဗုဒ္ဓခုနစ်ဆူရုပ်ပွားတော်များ တည်ရှိရာ သုမင်္ဂလာရာမလယ်တီ ဝိပဿနာကျောင်းတိုက်ကြီး၏ မူလပဓာနနာယက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင်လယ်တီဆရာတော်အား ရည်စူး၍ ကုသိုလ်တော်အဖြစ် ဥပသမ္ပဒမင်္ဂလာ ၁၀၈ပါး ဒုလ္လဘရဟန်းခံပွဲ၊ ပဗ္ဗဇ္ဇမင်္ဂလာ ၁၀၈ပါး ရှင်သာမဏေဝတ်ပွဲနှင့် ၁၀၈ပါး ဒုလ္လဘဝတ်ပွဲမင်္ဂလာအခမ်းအနားကို (၁၃၆၈ခုနှစ် တန်ခူး လပြည့်ကျော် ၆ရက်၊ နှစ်ဆန်း ၂ရက်)ဧပြီ ၁၈ရက် (အင်္ဂါနေ့)တွင် ယင်းကျောင်း တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများသည် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့အရောက်စာရင်းပေးသွင်းကြရန်နှင့် သာသနာ့ဒါယကာခံယူလိုသူ အလှူရှင်များသည် ရဟန်းတစ်ပါး သင်္ကန်းပရိက္ခရာအစုံ ကျပ် ၅၀၀၀၊ သာမဏေတစ်ပါးကျပ် ၄၀၀၀၊ သီလရှင်တစ်ပါးကျပ် ၅၀၀၀ကိုလည်းကောင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း အချိုပွဲ၊ ညနေ ဖျော်ရည်ဆွမ်း လှူဒါန်းဖွယ်ရာများကိုလည်းကောင်း လှူဒါန်းလိုပါက လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၂)**

မတ် ၁၀ ရက်က ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၄)၏ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပရာ ပထမတန်းမှ ပထမဆုရ မောင်အောင်လင်းထွဋ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမော်က ဆုချီးမြှင့်စဉ်။ (က-ပ)

၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

သာကေတမြို့နယ် ၇ ရပ်ကွက်ရှိ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သင်္ကြန်၁၀ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၇ ရက် ညနေ အရောက် လာရောက်ကြရန်နှင့် ကျောင်းတိုက် ဖုန်း-၅၄၇၀၂၈သို့ ဆက်သွယ်၍ စာရင်းပေးခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းခြင်းများ ပြုလုပ်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အင်တာနက်နောက်ဆုံးသတင်း

မွေးခါစကိုယ်အလေးချိန်များပြီးအရပ်မြင့်လာသောမိန်းကလေးများ ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းများပြားဟုဖော်ပြ

လန်ဒန် မတ် ၃၀

အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုသည် ၎င်းတို့၏ ကိုယ်ခန္ဓာဖွံ့စည်းမှုနှင့် ဆက်စပ်လျက် ရှိကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်ဟု နယူးအင်္ဂလန်ဂျာနယ်၌ မကြာမီက ဖော်ပြလိုက်သည်။

အမျိုးသမီး ၁၁၇၀၀၀ ကို ဒိန်းမတ် သုတေသနပညာရှင်များက လေ့လာ ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာတွင် ငယ်စဉ်ဘဝမှ စတင်ကာ သာမန်ထက် အရပ်ပိုမြင့်သော မိန်းကလေးများသည် အသက်အရွယ်ရလာသည့်အခါ ရင်သားကင်ဆာဖြစ်ပွားမှု ပိုမိုများပြားကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

သုတေသနပြု

ထိုသို့လေ့လာဆန်းစစ်ခဲ့ရာတွင် ၁၉၃၀ ပြည့်နှစ်မှ ၁၉၇၅ ခုနှစ်အကြား မွေးဖွားခဲ့သည့် မိန်းကလေးများကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ကျန်းမာရေးသိပ္ပံ သုတေသနဌာနမှ ပညာရှင်များက လေ့လာသုတေသန ပြုခဲ့ကြခြင်းဖြစ်သည်။

သာမန်ထက်အရပ်ရှည်

သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ မွေးဖွားစဉ်ကာလက ကိုယ်အလေးချိန်များပြားခဲ့မှု၊ ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားခြင်း မြန်ဆန်မှု၊ သာမန်ထက်အရပ်ရှည်မှုနှင့် အရွယ်ရောက်စအချိန်တွင် ကိုယ်အလေးချိန်မှန်ကန်ခြင်း မရှိမှုတို့သည် အမျိုးသမီးများ၏ ရင်သားကင်ဆာဖြစ်ပွားမှုကို ပိုမိုစေကြောင်း ဖော်ပြခဲ့ကြသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၁၄ နှစ်အရွယ်တွင် အရပ်ငါးပေ ခြောက်လက်မခန့်ရှိသော အမျိုးသမီးများသည် ၎င်းအသက်အရွယ်တွင် အရပ်ငါးပေအောက်ရှိ အမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်ပွားမှု ပိုမိုများပြားကြောင်း ဖော်ပြထားသည်။

ထို့အပြင် မွေးဖွားစ ကိုယ်အလေးချိန် ၈ ဒသမ ၇၅ ပေါင်ရှိသော မိန်းကလေးငယ်များသည် မွေးဖွားစ ၅ ဒသမ ၅ ပေါင်ရှိသော မိန်းကလေးများထက် အရွယ်ရောက်လာလျှင် ရင်သားကင်ဆာဖြစ်ပွားမှု ၁၇ ရာခိုင်နှုန်း ပိုမိုများပြားတတ်ကြောင်းလည်း ဖော်ပြထားသည်။ **(အင်တာနက်)**

ကလေးငယ်များအဝလွန်မှုမဖြစ်စေရန် အစားအစာများကိုရွေးချယ်ကျွေးမွေးသင့်

လန်ဒန် မတ် ၃၀

ကလေးငယ်များအနေဖြင့် ငယ်စဉ်ဘဝမှစတင်ကာ အဝလွန်မှုမဖြစ်ပေါ်စေရန် အစားအစာများကို ရွေးချယ်ပြီး ကျွေးမွေးသင့်ကြောင်း၊ အဝလွန်မှုကို ဖြစ်ပေါ်စေသည့် သကြားနှင့် ဆားတို့ကို အလွန်အကျွံ မစားသောက်ရန် ကျန်းမာရေး၊ ပညာပေးမှုများပြုလုပ်သင့်ကြောင်း သုတေသနလေ့လာချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

ဆန်းစစ်ချက်

ထိုသို့ ကျန်းမာရေးဆိုင်ရာ အသိပေးမှုများကို ယခုထက် ပိုမိုလုပ်ဆောင်ရမည်ဖြစ်ပြီး ကိုယ်ခန္ဓာအဝလွန်မှုကို ဖြစ်စေသည့် အစားအစာများကို ကလေးငယ်များမစားစေရန် ပိတ်ပင်သင့်သည်ဟုလည်း လန်ဒန်မြို့၌ ပြုလုပ်သည့် သုတေသနဆန်းစစ်ချက်၌ ဖော်ပြထားသည်။

တိုးမြှင့်ပေး

ထိုသို့ စနစ်တကျ မပြုလုပ်ပါက ငယ်ရွယ်သော ကလေးများ၏ အဝလွန်မှုသည် ၂၀၁၀ ပြည့်နှစ်တွင် အရေအတွက် ယခုထက် ထက်ဝက်ခန့် တိုးမြှင့်လာမည်ဖြစ်ကြောင်း အဆိုပါ သုတေသန ဆန်းစစ်ချက်ကိုပြုလုပ်သည့် ကျန်းမာရေးဆိုင်ရာပညာရှင် ဂျို့ဘောလီက ပြောကြားသည်။

ပညာပေးသင့်

ယခုတလောတွင် ကမ္ဘာ့ကလေးငယ်များ၏ အဝလွန်မှု အရေအတွက်မှာ ၁၆ရာခိုင်နှုန်းရှိရာ မကြာမီ ၁၇ ရာခိုင်နှုန်းသို့ ရောက်ရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် ကလေးငယ်များ အဝလွန်မှုမဖြစ်ပေါ်စေရန် အစားအစာများနှင့် အချိုရည်များ အပြင် အာဟာရ ဖြစ်စေသော ဖျော်ရည်များကို လွန်လွန်ကျူးကျူး မစားသောက်ကြရန်၊ ရုပ်ရှင်ဓာတ်လမ်း သို့မဟုတ် ရုပ်မြင်သံကြားဓာတ်လမ်းများမှနေ၍ မကြာခဏထုတ်လွှင့်ပြီး အသိပညာပေးသင့်ကြောင်း ၎င်းသုတေသန ဆန်းစစ်ချက်၌ ဖော်ပြထားသည်။

(အင်တာနက်)

31-3 (06).p65 1 1/1/32, 2:37 PM

တရားစခန်းများဖွင့်မည်

ရန်ကုန် မတ် ၃၀

သာကေတမြို့နယ် ဇရပ်ကွက် နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၈ရက်မှ၇ရက်အထိ ၁၀ရက် တရားစခန်းပွဲကို ကျင်းပမည်ဖြစ်သည်။ ယင်းစခန်းပွဲ၌ ကျောင်းတိုက်ပဓာန နာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒ(ဗဟုဇနဟိတဓရ)က သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၇ရက်အရောက်လာရောက်ကြရန်နှင့် ကျောင်းတိုက် ဖုန်း-၅၄၇၄၅၁ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဉူးပရိယတ္တိစာသင်တိုက်

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်အတွင်းရှိ ဖော့ကန်ဝါဉူးပရိယတ္တိစာသင်တိုက်၌ ဘဒ္ဒန္တသုနန္ဒ(ဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ L.L.B)၊ဘဒ္ဒန္တဉာဏုတ္တရ (တိုက်အုပ်စာချဆရာတော်)တို့ ဦးဆောင်လျက် သင်္ကြန်အတွင်း ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ၁ရက်မှ၇ရက်အထိဖွင့်လှစ်ပြီး နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုကြသော ယောဂီများသည် စာရင်းပေးသွင်းနိုင်ကြပြီး ဧပြီ ၁ရက် ညဖနာရီ အရောက် တရားစခန်းဝင်ရောက်ကြရန်နှင့်လှူဒါန်းလိုသော ဒါတဗ္ဗဝတ္ထုများအတွက် ဖုန်း-၇၂၂၈၈၇ သို့ ဆက်သွယ် လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

ပဲခူးပညာမွန်တရားစခန်း

ပဲခူးမြို့ ဥဿာမြို့သစ် ရန်ကုန်မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက်၌ သတ္တမအကြိမ် မဟာသင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပညာမွန်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာမိ (အစိုးရဓမ္မာစရိယ)က လယ်တီ၊ မိုးကုတ်၊ တောင်ပုလု စသောဆရာတော်ကြီးများ၏ ဥပနိဿယကို ခံယူကာ ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သတိပဋ္ဌာန်ဒေသနာ ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဧပြီ၁၁ရက် ညနေ အရောက်လာကြရန်နှင့် လှူဒါန်းလိုသူများသည် ပညာမွန်ကျောင်း ဖုန်း-၀၅၂-၂၂၁၀၂၊ ဦးမြရွှေ ဖုန်း-၀၅၂-၂၃၁၀၉နှင့်ဦးသိန်းဝင်း ဖုန်း-၀၅၂-၂၁၈၃၂တို့သို့ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ (က-ပ)

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပင်လောင်းလမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၈ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ပျဉ်းမနားမြို့မှ ပျဉ်းမနား-ပင်လောင်းလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ပျဉ်းမနား-ပင်လောင်း လမ်းမိုင်တိုင် ၄၂ မိုင် ၆ ဖာလုံနှင့် ၄၃ မိုင်အကြား လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၃)က ပေ(၄၀)တာပေါင်အကျယ် ရအောင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာရာ လိန့်လီ တံတားသစ်တည်ဆောက်မည့်နေရာသို့ရောက်ရှိကြရာတံတားအကြောင်းနှင့် လမ်းအကြောင်းအနေအထားများကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးက ရေအမြင့်ဆုံး ရောက်ရှိနိုင်သည့်နေရာ၊ တံတားကြမ်းခင်းအမြင့်နေရာတို့ကို သေချာစွာစစ်ဆေး၍ ပြန်လည်စိစစ် တင်ပြရန်တို့ကို မှာကြားပြီး ဆက်လက်ထွက်ခွာရာ မိုင်တိုင်(၅၁)မိုင်ရှိ ကျောက်မီးသွေး တောင်နေရာနှင့် ၅၁ မိုင် ၅ ဖာလုံနှင့် ၅၂မိုင်ကြား ကျောက်တောင် လမ်းကျဉ်းနေရာ၌ ကျောက်တောင်ခွဲ၍ လမ်းချဲ့နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်း၌ လမ်းတစ်လျှောက် ပေ ၄၀ အကျယ်ရအောင် လမ်းတာချဲ့ခြင်း၊ ကျောက်တောင်နေရာများ မိုင်းခွဲ၍ လမ်းချဲ့ခြင်း၊ အတက်အဆင်းကြမ်းသည့်နေရာများ ကတ္တရာလမ်းခင်းခြင်းနှင့် ယာယီသစ်သားတံတားများကို နှစ်လမ်းသွား အမြဲတမ်းကွန်ကရစ်တံတားများအဖြစ် လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၃)နှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင်တို့မှ အပိုင်းလိုက်ခွဲ၍ လမ်း တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Challenges and Opportunity in ICT Industry ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် Challenges and Opportunity in ICT Industry ဟောပြောပွဲကို ဧပြီ၁ရက်(စနေနေ့) နံနက်၉နာရီခွဲတွင် လှိုင်မြို့နယ် (Myanmar Info-Tech (Room-205)၌ကျင်းပမည်ဖြစ်ပြီး ဆရာခင်မောင်ညို (ဘောဂဗေဒ)က ဟောပြောဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း Myanmar Infor-Tech (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း-၆၅၂၂၃၈သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သုံးခွမြို့နယ် အခြေခံပညာမူလတန်းကျောင်း ဒေါ်စံမယ်တဲစု ၂၀၀၅-၀၆ပညာသင်နှစ် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ်၂၇ရက်ကကျင်းပရာ စတုတ္ထတန်းမှ ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမိုးအေးက သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

သံအမတ်ကြီးဦးတင်ဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၃၁

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် မတ်၁၅ရက်တွင် ဗီယင်နာမြို့၌ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟိန့်(ဇ်)ဖစ်ရှာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားနိုင်ငံသံအမတ်ကြီးခန့်အပ်ရန်သဘောတူ

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဒေးဗစ်ဂ့ါဒီယာဗာရဲလာအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဒေးဗစ်ဂ့ါဒီယာဗာရဲလာသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ပနားမားသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိုးရာသီဘဏ်ချေးငွေ တိုင်းလုံးကျွတ်ရာနှုန်းပြည့်ကောက်ခံရရှိ

ရန်ကုန် မတ် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခုမှ ၂၀၀၅ခုနှစ် မိုးရာသီဘဏ်ချေးငွေကျပ် ၄၂၉၀ဒသမ၅၅၃သန်းကို တောင်သူလယ်သမားများနှင့် တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများသို့ မိုးစပါးစိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့ပြီး မိုးစပါးသီးနှံပေါ်ချိန်မှစတင်ပြီး ပြန်လည် ကောက်ခံခဲ့ရာ တိုင်း၊ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ပံ့ပိုးမှုနှင့် ဘဏ်ခွဲအသီးသီးမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် မတ် ၂၈ရက်တွင် တိုင်းလုံးကျွတ်ရာနှုန်းပြည့် ကောက်ခံရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၂၄ ရက်က မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃)ရပ်ကွက်တို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးရွှေမင်းနှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	CT-10 Tablet (Cetirizine Di Hydrochloride BP 10 mg)	AKME Drugs & Pharmaceuticals(P)Ltd.	ဖော်ပြထားခြင်း မရှိပါ။
၂။	Moduretic Tablet (Amiloride Hydrochloride USP 5 mg, Hydrochlorothia -zide USP 50 mg)	Merck Sharp & Dohme of Pakistan Ltd, Karachi.	Pakistan
၃။	Betnovate-S Skin Ointment (Betamethasone valerate IP 0.12% w/w & Salicylic acid IP 3% w/w)	Glaxo Smith Kline Pharmaceuticals Ltd, India	India
၄။	Dulcolax Tablet (Bisacodyl BP 5 mg)	Merck Marker(Pvt) Ltd.	Quetta
၅။	Neomycin Sulfate Ointment	Shanghai General Pharmaceutical Co.,Ltd	China

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်ရတနာမွန်အိမ်ရာ ၆လမ်း အမှတ်-၅၆/၅၇နေ ဒေါက်တာဝင်းမြင့်- ဒေါ်ခိုင်ခိုင်ဦး (သား) မောင်ဝေယံဖြိုးပြည့်ဝင်း၊ မောင်ထွဋ်ခိုင်ဝင်း၊ မောင်သန်းထိုက်ဝင်း မိသားစုတို့က ဒေါ်ခိုင်ခိုင်ဦး၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ်၃၁၅၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

■ *ကျောဖုံးမှ*

ထိုသို့ဖြစ်ပေါ်ခဲ့သည့်နေ့မှ စတင်ကာ မြေငလျင်နှင့် ဆူနာမီဆိုင်ရာ အစည်းအဝေးများကို မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ကျင်းပကာ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ဖွဲ့စည်းဆောင်ရွက်

မြန်မာနိုင်ငံတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီများကိုဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်များဆိုင်ရာ စီမံဆောင်ရွက်မှုများအား စနစ်တကျ လုပ်ဆောင်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းများအလိုက်လည်း သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီအဖွဲ့ငယ်များဖွဲ့စည်းကာ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။

ဗဟုသုတဖြန့်ဝေ

ပြည်တွင်း၌ ဆူနာမီနှင့်ပတ်သက်သော အသိပညာပေး ဟောပြောဆွေးနွေးမှုများကိုလည်း မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးပြီး ကွင်းဆင်းဆောင်ရွက်ကာ ပြည်သူတို့အား ဆူနာမီနှင့်ပတ်သက်သည့် ဗဟုသုတများကို ဖြန့်ဝေအသိပေးလျက်ရှိသည်။

ဆူနာမီမှာ ဂျပန်စကားဖြစ်ပြီး (TSU°=ဆူ = ကမ်းခြေ၊ NAMI°= နာမီ=ကြီးမားသောရေလှိုင်း) ကမ်းခြေကို ရိုက်ခတ်လာသောကြီးမားသည့် ရေလှိုင်းကြီးများဟု အဓိပ္ပာယ်ရသည်။

ရေလှိုင်းဖြစ်ပေါ်နိုင်

ဆူနာမီရေလှိုင်းသည် တစ်ကယ်တမ်းဖြစ်ပေါ်ရိုက်ခတ်ပါက တစ်နာရီမိုင် ၆၀၀ခန့်အထိရှိရာ ယင်းအမြန်နှုန်းမှာ ဂျက်လေယာဉ်တစ်စင်း၏ အမြန်နှုန်းပင်ဖြစ်သည်။သို့သော်လည်း ဆူနာမီ ဖြစ်ပေါ်နိုင်သည့် သမုဒ္ဒရာအောက် ငလျင်လှုပ်မှု ရစ်ချ်တာစကေးမှာ ၇ဒသမ ၈ အထက်မှသာ ဖြစ်ပေါ်တတ်ပြီး အကြီးမားဆုံး ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်ပေသည်။

ထို့အပြင် သမုဒ္ဒရာအောက် ရစ်ချ်တာစကေး ၇ဒသမ၅ မှ ၇ ဒသမ ၈အထိ မြေငလျင်များလှုပ်မှုကြောင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်သော်လည်း အားနည်းသော ဆူနာမီလှိုင်းများသာဖြစ်ပေါ်နိုင်သည်။ သို့ရာတွင် ကမ်းခြေအနီးအဝေးပေါ်တွင် အဓိကကျသည်ဖြစ်ရာ ကမ်းခြေရောက်လေ ဆူနာမီလှိုင်း မြင့်မားလေဖြစ်သည်။ ငလျင်လှုပ်ပြီး ၁၀မိနစ်ကြာမှ အနီးဆုံးကမ်းခြေသို့ ဆူနာမီ ရေလှိုင်းကြီးများ ဆိုက်ရောက်နိုင်သည်။

အသက်အိုးအိမ်ဆုံးရှုံး

ဆူနာမီဖြစ်ပေါ်မှု သမိုင်းအရ ၁၉၆၂နှစ်မှ ၂၀၀၄ခုနှစ်အထိ ဆူနာမီ ကိုးကြိမ် ဖြစ်ပေါ်ခဲ့ဖူးပြီး ဖြစ်ပေါ်ခဲ့သည့် အကြိမ်တိုင်း အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဆူနာမီနှင့်ပတ်သက်ပြီး လှုပ်(Shake)၊ ကျ (Drop)၊ အော်(Roar)၊ ပြေး(Run) ဟူ၍ "လှုပ်ကျအော်ပြေး" ဟူသော သတိပေးချက်တစ်ရပ် ထုတ်ပြန်ပေးထားသည်။ အဓိပ္ပာယ်မှာ ငလျင်လှုပ်ပြီး ပင်လယ်ကမ်းခြေမှ ရေများ ကျဆင်းသွားကာ ပင်လယ်ဘက်မှ ရေလှိုင်းသံများ အော်မြည်လာပါက ဘေးလွတ်ရာသို့ပြေးကြရန် ဖြစ်သည်။

သိရှိထားရန်လိုအပ်

သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းများ ဖြစ်ပေါ်မှုမှာ အချိန်ကာလရှိသော်လည်း ငလျင်နှင့် ဆူနာမီတို့ဖြစ်ပေါ်မှုမှာ အချိန်ကန့်သတ်မှုမရှိပေ။ အချိန်မရွေး၊ ရာသီမရွေးဖြစ်နိုင်ရာ ဆူနာမီဆိုင်ရာ အသိဗဟုသုတများ ပြည်သူများ သိရှိထားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းနေပြည်သူများအား ဆူနာမီ အသိပညာပေးမှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ဆူနာမီနှင့်ပတ်သက်သည့် ကြိုတင်သတိပေးမှုစနစ် တပ်ဆင်တော့မည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ပေး

ဆူနာမီနှင့် ပတ်သက်သည့် ကြိုတင် သတိပေးမှုစနစ် အဖြစ် ပင်လယ်ရေမျက်နှာပြင် အခြေအနေတိုင်းကိရိယာကိုစစ်တွေနှင့် မော်လမြိုင် (ကျိုက္ခမီ) တို့တွင် မကြာမီ တပ်ဆင်တော့မည်ဖြစ်သည်။ ထိုသို့ တပ်ဆင်နိုင်အောင် ယူနက်စကို အပြည်ပြည်ဆိုင်ရာ သမုဒ္ဒရာကော်မရှင်နှင့် အာရှသဘာဝဘေးအန္တရာယ်လျော့ပါးရေး ကော်မတီတို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

ညီလာခံဆုံးဖြတ်ချက်

ယခုကဲ့သို့ တပ်ဆင်နိုင်ခြင်းမှာလည်း မြန်မာနိုင်ငံပါဝင်တက်ရောက်ခဲ့သော ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၀၅ခုနှစ် ဇွန်လ ၂၁ရက်မှ ၃၀ရက်အထိ ကျင်းပသည့် (၂၃)ကြိမ်မြောက် UNESCO/IOC ညီလာခံ ဆုံးဖြတ်ချက်ကြောင့် ဖြစ်သည်။

အဆိုပါ ညီလာခံက အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီသတိပေးစနစ် ထူထောင်ရေးအတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအုပ်စု (ICG)ကိုဖွဲ့စည်းပြီး ဩစတြေးလျနိုင်ငံရှိ IOC အတွင်းရေးမှူးရုံးနှင့် တွဲဖက်ထားသော နိုင်ငံအလိုက် ကိရိယာများ တပ်ဆင်ပေးရေးနှင့် အမျိုးသားဆူနာမီ ကြိုတင်သတိပေးဌာနများ ထူထောင်ရေးကြီးကြပ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၌ တပ်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထုတ်ပြန်ချက်ဖော်ပြနိုင်

ယခုတပ်ဆင်မည့် ပင်လယ်ရေမျက်နှာပြင် အခြေအနေတိုင်းကိရိယာသည် ထူးခြားသော ပင်လယ်ရေမျက်နှာပြင်အနေအထား ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒရုံးသို့ ချက်ချင်း အကြောင်းကြားချက်ပေးပို့ပြီး မြန်မာနိုင်ငံမှတစ်ဆင့် အခြားနီးစပ်ရာ နိုင်ငံများသို့လည်း သတင်းအချက်အလက်များပေးပို့နိုင်မည်ဖြစ်သည်။ ထို့အပြင် ဆူနာမီ ဖြစ်ပေါ်မှု၊ မဖြစ်ပေါ်မှုကိုလည်း သတင်းထုတ်ပြန်ချက် ဖော်ပြပေးနိုင်မည်ဖြစ်သည်။

တပ်ဆင်ခွင့်ပြုခဲ့

ထူးခြားမှုမှာ ထိုကိရိယာ တပ်ဆင်လိုက်ပါက ဆူနာမီဖြစ်ပေါ်မှုကို အနည်းဆုံး ၄၅မိနစ်ခန့် ကြိုတင်သိရှိနိုင်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံက စစ်တွေ၊ ကိုကိုးကျွန်းနှင့် မော်လမြိုင်တို့၌ ကိရိယာတပ်ဆင်ရန် တင်ပြခဲ့ရာမှ ယခုကဲ့သို့ စစ်တွေနှင့် မော်လမြိုင် (ကျိုက္ခမီ)တို့တွင် တပ်ဆင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ (၆၃)ကြိမ်မြောက် မဟာသင်္ကြန်ခုနစ်ရက်တရားစခန်းကို ဧပြီ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယမှုအတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားကို ဓမ္မကထိက ဘဒ္ဒန္တ ဝိဇ္ဇာလင်္ကာရ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေနှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများ ဧပြီ၁၀ရက် ညနေ၅နာရီ အရောက်လာကြရမည်ဖြစ်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများနှင့် တရားစခန်းဝင်လိုသူများ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၇၄၉၄၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင် ဖုန်း-၅၇၂၄၈၆၊ ဦးတင်ဝင်း ဓမ္မာရုံ ရုံးအဖွဲ့ဝင် ဖုန်း-၃၈၂၁၁၁ နှင့် ၂၄၈၂၂၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈:၂၀	၈။	မိုးယွန်းကြီးရေထိန်းတံခါး
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Correct Pronunciation.
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၅	၇။	**"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည့်လဲ့လဲ့ဦး၊ ဂွမ်းပုံ
၁၇:၃၀	၈။	မြန်မာစာ မြန်မာစကား
၁၇:၄၀	၉။	**"အဲဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၅၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁၈) (ဇာတ်သိမ်းပိုင်း)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၂၀)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ ငလျင်နှင့် ဆူနာမီဆိုင်ရာ သတင်းထုတ်ပြန်ဖလှယ်ရေးဌာန၌ သတင်းအချက်အလက်များ ရယူထုတ်ပြန်ရန် ဆောင်ရွက်နေကြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်တွင်ဖြစ်ပေါ်ခဲ့သောငလျင်ကြောင့် ဆူနာမီလှိုင်းဒဏ် ခံစားခဲ့ရသည့် နိုင်ငံများပြပုံ။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● **ရှေ့ဖုံးမှ**

အဆိုပါအောင်သိဂ်ီလမ်း ကတ္တရာလမ်းသစ်သည် လမ်းအရှည် ၁၀၈၅ ပေ၊ အကျယ် ၁၂ပေရှိပြီး လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၃၃သိန်း အကုန်အကျခံ၍ မူလကျောက်လမ်းကို ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ လေယာဉ်ကွင်းလမ်း နယ်မြေခံတပ်ရင်းအနီး၌ ကျင်းပသည့် လားရှိုးမြို့စည်ပင်သာယာရေးအဖွဲ့၏ ပန်းအလှပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ စက္ကူပန်းအလှပင်များကို တက်ရောက်လာကြသူများနှင့်အတူ ပါဝင်စိုက်ပျိုးပေးသည်။

ကောက်ကွေ့ချောင်းရေလှောင်တမံ

ယင်းနောက် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ဒေသ ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုး နွေစပါးစံပြ ၇၀၅ ဧက စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကောက်ကွေ့ချောင်း ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ **ရှေ့ဖုံးမှ**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ သထုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲမှတ်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်မှာ အရှည် ပေ၄၁၂၀၊ အကျယ်၁၂ပေရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ၂၇၅၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၅၄၀၀၀၊ ပြည်သူများလှူဒါန်းငွေကျပ် ၄၂၅၄၁၀၀ စုစုပေါင်းငွေကျပ်၇၆၅၈၁၀၀ အကုန်ကျခံ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တောင်ကြီးမြို့ပေါ်ရှိ လမ်းသစ်ဖွင့်ပွဲများတက်ရောက် ကလောတပ်နယ်နှင့် ကျောက်နီစိုက်ကွင်းကြက်ဆူပင်ပျိုးထောင်မှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၀

ဒေသခံပြည်သူများနှင့် တောင်ကြီးမြို့နယ် စည်ပင်ယာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မြို့ပေါ်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၅ရက် နံနက် ၇နာရီခွဲက တောင်ကြီးမြို့ အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာ ပန်းပွားအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်မြင့်က ရေအေးကွင်းရပ်ကွက် သီတာလမ်း ကတ္တရာလမ်းသစ် ဆောင်ရွက်ခဲ့မှုအခြေအနေ ရှင်းလင်းတင်ပြပြီး ရေအေးကွင်းရပ်ကွက် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးသည် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် ခွာညိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ကန်အောက်ရပ်ကွက် ခွာညိုလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေး၍လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ တောင်ကြီး မြို့ပေါ် ကတ္တရာလမ်းသစ် နှစ်လမ်းအား တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်၍ သီတာလမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေရှိကာ ငွေကျပ် ၂၇သိန်းကျော်ဖြင့်လည်းကောင်း၊ ခွါညိုလမ်းသည် အရှည် ၁၃၂၂ပေ၊ အကျယ် ၁၂ပေရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၄သိန်းကျော်၊ ပြည်သူများက လှူဒါန်းငွေ ကျပ် ၁၇သိန်းကျော်၊ စုစုပေါင်းငွေကျပ် ၆၁ သိန်းကျော် အကုန်အကျခံခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူးသည် တောင်ကြီးမြို့နယ် ရေပူကျေးရွာ ရေပူရေအေး-သိမ်အင်-မြောင်းဦး-ကျောက်စု မြေသားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး၍ တက်ရောက်လာကြသူများနှင့်အတူ မြေသားလမ်းတစ်လျှောက်လှည့်လည်ကြည့်ရှုကြသည်။

မြေသားလမ်းသစ်

အဆိုပါ မြေသားလမ်းသစ်မှာ အရှည် ၅ မိုင်၊ အကျယ် ၁၈ပေရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၅သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလောတပ်နယ် စိုက်ပျိုးမွေးမြူရေးခြံ၌ ကျင်းပသည့် ကလောတပ်နယ် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ကလောမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးမြင့်ဆွေက ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုနည်းစနစ်များနှင့် မြို့နယ်အတွင်း စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဇော်မင်းဦးက ခြစ်စည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ် ထုတ်လုပ်ပုံနှင့်ကြက်ဆူဆီအသုံးပြုပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးက ခြစ်စည်းရိုးကြက်ဆူမျိုးစေ့ပျိုးပင်ပေါက်နှင့် ပျိုးကိုင်းများကို ကလောတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များနှင့် ဟဲဟိုးကျေးရွာအုပ်စုရှိ ကျေးရွာများသို့ပေးအပ်ပြီးနောက် တက်ရောက်လာကြသူများနှင့်အတူ ခြစ်စည်းရိုးကြက်ဆူမျိုးစေ့ပျိုးပင်ပေါက်များနှင့် ပျိုးကိုင်းများကို တပျော်တပါးစိုက်ပျိုးပေးသည်။

လက်တွေ့မောင်းနှင်

ဆက်လက်၍ တိုင်းမှူးသည် စက်မှုလယ်ယာဦးစီးဌာနမှ ခြစ်စည်းရိုးကြက်ဆူစေ့၊ ကြက်ဆူဆီထုတ်လုပ်မှုနှင့် ကြက်ဆူဆီအား စက်ယန္တရားများတွင်အသုံးပြု၍ လက်တွေ့မောင်းနှင်ခြင်း၊ ရေတင်ခြင်းများ သရုပ်ပြဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအုပ်စုရှိအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းပျိုးဥယျာဉ်၌ ခြစ်စည်းရိုးကြက်ဆူပင်ပျိုးထောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ပျိုးထောင်ထား

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းပျိုးဥယျာဉ်တွင်ကြက်ဆူမျိုးပျိုးပင် ၇၃၈၉၈ပင်၊ မျိုးစေ့ပျိုးပင် ၂၁၆၀၀၀ ပျိုးထောင်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်အင်းမဟာစည် အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

သန်လျင်မြို့ ကျိုက်အင်းမဟာစည်သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်တွင် ဗုဒ္ဓ၏သတိပဋ္ဌာန်ကျင့်စဉ်နှင့် ပါဠိတော်ဟောစဉ်အတိုင်း ကျင့်စဉ်နှင့် ဟောစဉ်တရားတော်များကို ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ (ရေတာရှည်)ဆရာတော်အရှင်သူမြတ်က (၁၁)မိးငြိမ်းရန် ၁၁ရက် တရားစခန်းပွဲ (၂၃)ကြိမ်မြောက် တရားစခန်းပွဲ၌ ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်ကြမည့် ယောဂီများသည် ဧပြီ ၁၂ရက် ညနေ ၄နာရီအရောက် ကျိုက်ခေါက်ဘုရား အလွန် ကျိုက်အင်းမှတ်တိုင်ဆင်း၍ လာရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၃၀

ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)နှင့် ဆရာဦးခင်မောင်ကြည်တို့က သာကေတမြို့နယ် ရှုခင်းသာ ဇေတဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇဝန၏ ဩဝါဒကိုခံယူလျက် ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထ ဝိပဿနာတရားတော်များကို ဧပြီ ၈ ရက်မှ ၁၇ရက်အထိ နံနက် ၇နာရီမှ ည ၇နာရီအထိ ၁၀ရက်တိုင် ဟောပြောပို့ချမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် ဇေတဝန်စာသင်တိုက် ရှုခင်းသာ သာကေတနှင့် ဦးဇော်မိုးဟိန်း မြင်တော်သာလမ်း ရဲစခန်းရှေ့ သာကေတ တို့သို့ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၃၀

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၅နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးမှူး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ဥက္ကဋ္ဌများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယာဉ်မတော်တဆဖြစ်ပွားရခြင်းကို လေ့လာရာတွင် ၂၀၀၃ခုနှစ်တွင် အမှုဖွင့်အရေးယူခဲ့သည့် အမှု၉၃၂မှု၊ ၂၀၀၄ခုနှစ်တွင် ၉၁၄မှု၊ ၂၀၀၅ ခုနှစ်တွင် ၉၁၆မှုဖြစ်ပွားခဲ့သဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၉၀၀ခန့်တွင်သာ ဖြစ်ပွားလျက်ရှိပြီး သိသိသာသာတိုးတက်လာခြင်း၊ လျော့နည်းကျဆင်းလာခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ သာမန်ယာဉ်တိုက်မှုများအနေဖြင့် ၂၀၀၃ခုနှစ်တွင် ၂၀၄၀ မှု၊ ၂၀၀၄ခုနှစ်တွင် ၁၀၇၀မှု၊ ၂၀၀၅ ခုနှစ်တွင် ၇၉၅မှု ဖြစ်ပွားခဲ့သဖြင့် သိသိသာသာ လျော့နည်းကျဆင်းလာခဲ့ကြောင်း၊ ယာဉ်မတော်တဆ အမှုဖြစ်ပွားရသည့် အကြောင်းအရင်းများတွင် ယာဉ်တိုက်မှုများ၏ ၅၀ ရာခိုင်နှုန်းမှာ မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ရပြီး ၂၀ရာခိုင်နှုန်းမှာ လမ်းကူးသူများ၏ ပေါ့ဆမှုကြောင့်ဖြစ်ပွားခဲ့ရသဖြင့် လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် ပညာပေးမှုလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ လောလောဆယ် ပညာပေးမှုအပိုင်းအနေဖြင့် စက်သုံးဆီဆိုင်များတွင် ဆီလာထည့်သည့် ယာဉ်မောင်းသူများအား သုတေသနပြုသည့်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မေးခွန်းများကို ဖြေဆိုပေးရန် စီစဉ်ထားပြီး ဒုတိယအပိုင်းအနေဖြင့် မြို့တွင်း ခြောက်မြို့နယ်၌ စည်းကမ်းမဲ့ လမ်းကူးသူများအား စနစ်တကျ လမ်းကူးစေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်မြေရဲ၊ အရန်မီးသတ်နှင့် ကြက်ခြေနီ စသည်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူး သိန်းဆွေက ပညာပေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများတွင် ပညာပေးဆောင်ရွက်သင့်သည့် အချက်များကို အသီးသီး အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့ အထကနှင့် အလကအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

လေးမျက်နှာမြို့ အ-ထ-က၊ အ-လ-က ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို ဧပြီ ၃၀ရက် မွန်းလွဲ ၁နာရီတွင် လေးမျက်နှာမြို့သစ် အထကကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ယင်း အထက၊ အလက ကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀ ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးထွန်းထွန်းဦး ဖုန်း-၅၁၂၃၃၅၊ ဒေါ်ညွန့်ညွန့်ဦး ဖုန်း-၅၂၆၀၀၆၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀၁၁၉၆၀၊ ဦးမြင့်စိုး ဖုန်း-၅၇၈၀၂၄၊ ဦးနေဝင်း ဖုန်း-၀၄၄-၁၁၇၆၄၊ ဦးထွန်းအောင် ဖုန်း-၀၄၄-၂၁၄၈၀၊ ဦးလှိုင်အေး ဖုန်း-၀၄၄-၂၂၁၇၈နှင့် ဦးတင်ဝင်း ဖုန်း-၀၄၄-၂၂၂၂၆တို့သို့ ဧပြီ၂၅ရက်နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တပ်မတော်နေ့ပြပွဲ ပြခန်းများ ရဟန်းရှင်လူပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၃၀

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့နံနက် ၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ကြည့်ရှုလေ့လာ

ပြပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ပြခန်း၌ သက္ကရာဇ် ၁၁၂၀ပြည့်နှစ်က အလောင်းမင်းတရားကြီးဦးအောင်ဇေယျ မဏိပူရကသည်းပြည်သို့ စစ်ချီတက်တော်မူရာ ဆင်ဦးကင်းတွင် ပင့်ဆောင်ကိုးကွယ်ခဲ့သော ရန်အောင်မြင် စစ်ဆောင်စစ်အောင် ရုပ်ပွားတော်နှစ်ဆူ ဒေသစာရီကြွချီတော်မူပြီး စံပယ်လျက်ရှိသည်ကို ပြည်သူတို့ဖူးမြော်ကြသည့် ပန်းချီကား၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတည်ရှိသော စစ်ကိုင်းတောင်၊ ဖိုလ်ဝင်းတောင်၊ အလောင်းတော်ကဿပ၊ ဇောခိတစ်ထောင်၊ စစ်ကိုင်းကောင်းမှုတော် စသည့် ဘာသာရေးဆိုင်ရာ မှတ်တမ်းပုံများကို ပြသထားသည်။ ပုံတောင် ရွှံ့ကျောက်လွှာများ မြင်ကွင်းကျယ်ရှုခင်း၊ စာပေနိဒါန်း လက်ဆင့်ကမ်းပြကွက်တွင် မြန်မာ့သမိုင်း ခေတ်အဆက်ဆက်ပိုင်းခြားမှု၊ မြန်မာ့မြန်မာကဗျာ၊ ရာဇကုမာရကျောက်စာနှင့် အညာ တမာလွှမ်းရမည်ပြကွက်၊ မြန်မာမှု မြန်မာပုပြကွက်၊ တရားဖက်သည် ဓားထက်သည်ပြကွက်၊ ဘာမထီမြန်မာပြည်သားပြကွက်၊ ထွန်းလင်းတဲ့ ကုန်းဘောင်ပြကွက်၊ ရာဇဝင်စာတင် ရိုင်းလေငဲ့ ပြကွက်၊ သူ့ကျွန်မခံပြကွက်၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရှေးဟောင်းပစ္စည်းများပြကွက်၊ ဖွံ့ဖြိုးဝေစည်မြန်မာပြည်ပြကွက်နှင့် ဇီဝဒီဇယ်ထုတ်ယူဖို့ ခြစ်စည်းရိုးကြက်ဆူစိုက်ကြစို့ ပြကွက်များကို စုံစုံလင်လင် ဝေဝေဆာဆာပြသထားရာ ကျောင်းသား ကျောင်းသူ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဆုများချီးမြှင့်

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကိုလည်း နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ အဆိုပါပြပွဲကို ဧပြီ ၄ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆–၃–၂၀၀၆ရက်ထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈–၃–၂၀၀၆ရက်မှ ၂၆–၃–၂၀၀၆ရက်အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

(က) ကြက်သေဆုံး/ဖျက်ဆီးမှု

ကြက်များစတင်သေဆုံးကာလမှ၂၆–၃–၂၀၀၆ရက်အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေ အတွင်းရှိ ကြက်ခြံ(၉၃)ခြံ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင်(ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှု ကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ၉၉ခြံ၌ မွေးမြူထားရှိသည့် ကြက်၁၁၃၉၁၉ကောင်အနက်၂၀၆၀ကောင်သေဆုံးပြီး၉၆၁၅၉ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက်၈၇၉၁ကောင်သေဆုံးပြီး၁၂၀၉၉၅ကောင်နှင့် ကြက်ဥ ၅၆၀လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ (၄၄)ခြံမှငုံး၁၁၅၆၅၀ကောင်၊ ငုံးဥ၅၀၅၁၅လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁နှင့် ငုံးဥ၅၀၅၁၅လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ဂ) **ကြက်တုပ်ကွေးဗိုင်းရပ်စ်နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု**

ကနဦးကြက်သေဆုံးမှု သတင်းရရှိသည့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေး ခြံ၄၇ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ခုရယူ၍ ချက်ချင်းအဖြေရစမ်းသပ်စစ်ဆေးနည်း(Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း(HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း(HI) နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ၃၅ခြံ၏ နမူနာ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးH_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း။** ။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာဒေသ အာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီး ဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်/မြို့နယ်/ရပ်ကွက် အာဏာပိုင်များ၊ သက်ဆိုင်သည့်မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြား ပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရကြက်ငှက်တုပ်ကွေး ရောဂါပိုးတွေ့ရှိသောခြံမှ တစ်ကီလိုမီတာ ပတ်ပတ်လည်အတွင်း မွေးမြူထားသည့် ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention)အတွက် ကြက်များကို ဖျက်ဆီးခြင်းပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀လုံးတို့ကို စနစ်တကျဖျက်ဆီး ခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ သုံးကီလိုမီတာနှင့် ခုနစ်ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ်သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ သယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့် အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှု လျော့ကျပြီး ရောဂါပျံ့နှံ့မှု ထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီ ဖြစ်ပါသည်။

၃။ **၂၆–၃–၂၀၀၆ရက်အထိ နောက်ဆုံးအခြေအနေ**။ ရွှေဘို၊ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ်တစ်ခုလုံးအနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီ ဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**။ ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးအဖွဲ့(FAO)ဒေသညှိနှိုင်းရေးမှူး Dr. K.Wantaneeနှင့် အမေရိကန်နိုင်ငံ USAIDမှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthurတို့သည် ၁၆–၃–၂၀၀၆ရက်မှ ၁၈–၃–၂၀၀၆ရက်အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက် တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါ သည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံဂျီလောင်းမြို့ဒေသ ကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါ စစ်ဆေးရေး ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ (FAO, JICAနှင့် ဩစတြေးလျနိုင်ငံ၊ ဂျီလောင်းမြို့ ဒေသကိုးကား ဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ် လုပ်ငန်းသုံးပစ္စည်းများ အမေရိကန် ဒေါ်လာတစ်သိန်းတန်ဖိုးခန့်လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန(DLD)တို့မှ ကြက်တုပ်ကွေးရောဂါထိန်းချုပ်ရေး ကျွမ်းကျင်ပညာရှင်သုံးဦးတို့သည် FAOဒေသ ညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈–၃–၂၀၀၆ရက်မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသ များသို့ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည် ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူရောင်းဝယ်ရေးလုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ ။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

31-3 (10).p65 1 1/1/32, 2:37 PM

ပြည်နယ်/တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၉ နာရီက အမျိုးသား အားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့်(၃၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ခံ နာယကများနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြပြီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မွန်းလွဲ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ပတ္တမြားခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးက ၂၀၀၆ခုနှစ်မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

မတ် ၂၉ ရက်က ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၄)ရပ်ကွက် ပန်းခြံ(၂၅)မွေသုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)မြို့နယ်မှူး ဒုတိယရဲမှူး ဦးရွှေပို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်မြအေး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း(ဥက္ကဋ္ဌ သိရောမဏိ–ကျောက်မျက်ရတနာကုမ္ပဏီ)က ရှေ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း(ဥက္ကဋ္ဌ သိရောမဏိ–ကျောက်မျက်ရတနာကုမ္ပဏီ)က အလှူငွေကျပ်သိန်း၂၅၀ကိုလည်းကောင်း၊ ဦးခိုင်(တက်ခမ်း ကျောက်မျက်ရတနာကုမ္ပဏီ)က အလှူငွေကျပ်သိန်း ၅၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ ဦးအောင်မြင့် (ဥက္ကဋ္ဌ လတ်ကီးစတား ကျောက်မျက်ရတနာကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ ဦးကျော်မြင့်(ဥက္ကဋ္ဌ ကံသာဦး ကျောက်မျက်ရတနာကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ ဦးလှခိုင်(ဥက္ကဋ္ဌ၊ ကွန်းကော့ ကျောက်မျက်ရတနာကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်းနှင့် ဦးဝမ်ချင်းဆွေ (ဥက္ကဋ္ဌ ရတနာစန်းရှင်ကျောက်မျက်ရတနာ ကုမ္ပဏီ)က ငွေကျပ်၁၀သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၄၀ကို ဦးလှခိုင်က ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးရှင် မိခင်နှင့်ဖခင်များအား ရည်စူးလျက် သီရိသုခမ္မ သိင်္ဂီ ဒေါ်အေးအေးခန့် မိသားစုက မတ် ၂၄ရက်တွင် ဗဟန်းမြို့နယ် ဘဂ်လား ကျောင်းတိုက် ဆရာတော် ဦးအာဒိစ္စဝံသ၏ သက်တော်(၈၅)နှစ်ပြည့် ဝိဇာတ မင်္ဂလာအတွက် အလှူတော်ငွေ ကျပ် ၁၁သိန်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုးကျစေသည်။
၂။ နှလုံးရောဂါကိုကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။
၄။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများသန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှအဆီကျစေသည်။
၈။ သွေးအတွင်းမှသကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစု တစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရတနာဇာတ်ကား ရုံငါးရုံအပြိုင်ပြသ ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ နှစ်ဆန်း တစ်ရက်နေ့ ရုံဝင်မည်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် မတ် ၃၀

ပခုက္ကူ ဦးအုံးဖေစာပေဆုရ မင်းတင်ထွဏ်း၏ဝတ္ထုကို အိအိခိုင် ဇာတ်ညွှန်းရေးသား ရိုက်ကူးသည့် **ရတနာ**ဇာတ်ကား ရန်ကုန်နှင့်မန္တလေးရှိ ရုံငါးရုံတွင် အပြိုင်ပြသလျက်ရှိသည်။

သားသမီးရတနာအတွက် အားလုံးကို ရင်ဆိုင်ရဲ၊ အသက်စွန့်ရဲသည့် ဒေါ်အိုစာ၏ဘဝကို သရုပ်ဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသလျက်ရှိပြီး မန္တလေးမြို့၌ ဝင်းလိုက်နှင့် မြို့မရုံများတွင် ဆက်လက်ပြသနေသည်။

ရှေ့ဆောင်ရုံတွင် မိခင်လောင်းတို့ ဘဝသရုပ်ဖော်ဇာတ်ကား **ဆဋ္ဌဂံ** ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် The Cave ဇာတ်ကား ပြသလျက် ရှိသည်။

ရွှေဂုံရုံမြေညီထပ်တွင် ဆူနီးလ်ရှက်သီး၊ ဆန်ဂျေးဒတ်၊ အရှတ်ရားနား၊ ပါရီတီဂျမ်းဂနီတို့ ခေါင်းဆောင် ပါဝင်ထားသော Annarth အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာသည်။ ရွှေဂုံရုံ အပေါ်ထပ်တွင် Born American အက်ရှင် ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။

မြို့မရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား Qayamat ရုံဝင်လာပြီး ဆုထူးပန်ရုံတွင် International Khiladi အိန္ဒိယဇာတ်ကားပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် မင်းသားအရှေးကူးမားနှင့် တွင်ကယ်လ်ခန္နားတို့ ခေါင်းဆောင် ပါဝင်ထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

ရတနာဇာတ်ကားမှ မေသန်းနုနှင့် ပုလဲဝင်း။

မိုးသကြိန်အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်။

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိပြီး ဒါရိုက်တာဒေါ်န ရိုက်ကူးသည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကားသစ်မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ရုံဝင်လာမည်ဖြစ်သည်။

ပညာက အသိကိုထိန်းပြီး ဂုဏ်သိက္ခာကြီးလွန်းသူတို့၏ နှလုံးသားကို ဖော်ကျူးသော မေတ္တာ ဘွဲ့ဇာတ်လမ်းဖြစ်သည်။

ယင်းဇာတ်ကားတွင် ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

မကြာမီ ရုံဝင်လာမည့် ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာဇာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁–၃–၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ (အပိုင်း–၃)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Myanmar Video Rhythm
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	သင်ယူစရာ ပန်းချီပညာ (ရှုမျှော်ခင်းလက်တွေ့ ရေးဆွဲခြင်း)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ပြည်တွင်း သတင်းအကျဉ်း
၈း၅၅	ဝယ်ချင်စရာမျိုးစုံစွာ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ကာဗွန်ဒိုင်အောက်ဆိုဒ်အခဲ၊ ရေခဲခြောက်
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	ကျေးလက်စာကြည့်တိုက် ဖွံ့ဖြိုးရေး
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	ဖိနပ်စက်ရုံ (ကျောက်ဆည်)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းရိက္ခာဖူလုံစေရာ မြေလွတ်များမှာ ငါးမွေးပါ
၁၀း၅၅	ပြည်တွင်း သတင်းအကျဉ်း
၁၁း၀၅	ဗီစီဒီမိတ်ဆက်
၁၁း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀	လှေကား သုံးထစ်ဆင်းတဲ့အခါ (အရိုင်း၊ မင်းသူ၊ အေးသီတာ)
၁၁း၄၀	ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ (အပိုင်း–၁)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့၌ ကြက်နှင့်ငုံး သေဆုံးမှုနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့တွင် ကြက်နှင့်ငုံးများ သေဆုံးမှုနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိန်းချုပ်ရေးလုပ်ငန်း

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပုလိပ်ချည့်မျှင်နှင့် အထည်အချောကိုင်စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းဦးအောင်မြင့်၏ ငုံးခြံမှ နမူနာငုံးအရှင်သုံးကောင်ကို မန္တလေးတိုင်း ဒေသဆိုင်ရာရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခဲ့ရာ အဆိုပါငုံးများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်(စ်) အမျိုးအစားပိုးတွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများသည် မတ် ၂၉ ရက် နံနက်ပိုင်းမှစ၍ အဆိုပါစက်ရုံဝင်းအတွင်းရှိ ကြက်ခြံ ခြောက်ခြံမှ ကြက် ၃၄၄၅ ကောင်၊ ငုံးခြံ ကိုးခြံမှ ငုံးကောင်ရေ ၇၉၅၀တို့ကို စက်ရုံနှင့် သုံးဖာလုံအကွာ၌ မြောင်းတူးမြှုပ်နှံခဲ့ပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မတ် ၂၉ရက်နံနက်ပိုင်းတွင် သတင်းပေးပို့ချက်အရ တာဝန်ရှိသူများသည် မုံရွာမြို့နယ် လယ်တီရပ်ကွက် အင်းရွာသစ်မြောက်ပိုင်း နယ်မြေ၂နေ ခြံပိုင်ရှင်ဒေါ်သန်းဌေး၏ငုံးခြံသို့သွားရောက်စစ်ဆေးရာ ငုံးအသေ ၁၀၂ကောင်ကို တွေ့ရှိရသဖြင့် ၉၇ကောင်ကို မြေမြှုပ်ဖျက်ဆီးပြီး ကျန်ငါးကောင်ကို မန္တလေးရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခဲ့ရာ Influenga+Ve ဖြစ်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါငုံးခြံမှ ကျန်ရှိသော ငုံးကောင်ရေ ၇၂၀ နှင့်ငုံးဥ ၃၄၀တို့ကို ဖျက်ဆီး၍မြောင်းတူးမြေမြှုပ်ခဲ့သည်။

ထပ်တွေ့ရှိရ

ရန်ကုန်တိုင်းကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်ရှိ သာသနာ့ဗိမာန်ခေါင်မိုး၌ ခိုအကောင် ၂၀ခန့်သေဆုံးခဲ့ပြီး သေဆုံးခြင်းမရှိဘဲကျန်ရှိနေသော ခိုအရှင်နှစ်ကောင်နှင့် ခိုဥငါးလုံးတို့ကိုရန်ကုန်ဗဟိုရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၌ မတ် ၂၇ရက်က ချက်ချင်းအဖြေရစမ်းသပ်ပစ္စည်း (Rapid Test Kid)ဖြင့်လည်းကောင်း၊ရောဂါရှာဖွေ ခြင်း အဆင့်နှစ်ဆင့် (Type A,H_5)ဖြင့်လည်းကောင်း တစ်ပြိုင်တည်းစမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး (H_5N_1)မတွေ့ရှိရကြောင်း သိရှိရသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် အောင်ဆန်းပြည်သာယာရပ်ကွက် လိပ်ပြာလမ်းနေ ဦးမြင့်၏နေအိမ်၌ မွေးမြူထားသောဘဲအုပ်မှ ဘဲ ၁၈ကောင်သေဆုံးနေကြောင်း သတင်းပေးပို့ချက်အရ မတ် ၂၀ရက်တွင် တာဝန်ရှိသူများက မသေဘဲကျန်ရှိသော ဘဲအုပ်ထဲမှ ဘဲနှစ်ကောင်ကို ချက်ချင်းအဖြေရ စမ်းသပ်ပစ္စည်းဖြင့် စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုးမတွေ့ရှိရဘဲ ဘဲများတွင်ဖြစ်တတ်သော သွေးမန်းတက်ရောဂါ(Colisepteaemia) ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကသာခရိုင် ကောလင်းမြို့၌ မတ် ၂၇ရက်တွင် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ကြက်ခြံ ၄၃ခြံကိုလည်းကောင်း၊ မတ် ၂၈ရက်တွင်အထက်မြန်မာပြည်ဓာတ်ခွဲခန်းမှ သုတေသနအရာရှိဦးစီးပူးပေါင်းအဖွဲ့သည် ကောလင်းမြို့ရှိ ကြက်ခြံများကိုလည်းကောင်း သွားရောက်၍ ကြက်အသေအပျောက် ရှိမရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ ကြက်အသေအပျောက်မရှိကြောင်း၊ မည်သည့်ရောဂါလက္ခဏာမျှ မတွေ့ရှိရကြောင်းနှင့် နမူနာကြက်အချို့ကို ချက်ချင်းအဖြေရ စမ်းသပ်ပစ္စည်းဖြင့်စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုးမတွေ့ရှိကြောင်း သိရှိရသည်။

အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့တွင် ကြက်ငှက်ရောဂါ ထိန်းချုပ်တားမြစ်ဇရိယာအတွင်း မွေးမြူရေး ကြက်ခြံများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများက စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၅ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် သစ်သီးပုံဖော် အခြေခံသင်တန်းဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာမြို့ နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူ အဖွင့်အမှာ စကားပြောကြားစဉ်။ (က-ပ)

မြန်မာ့ရိုးရာအိုးစည်ဒိုးပတ်နှင့်ယိမ်းအကပြိုင်ပွဲ မြို့တော်ဝန်မဏ္ဍပ်၌ ကျင်းပသွားမည်

ရန်ကုန် မတ် ၃၀

၁၃၆၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာအိုးစည်၊ဒိုးပတ်နှင့် ယိမ်းအကပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ ၁၂ ဦး ယိမ်းပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ ၁၂ ဦး ယိမ်း၊ ၁၆ ဦး ယိမ်းပြိုင်ပွဲများဟူ၍ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသောအသင်းများသည် ဧပြီ ၆ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ် မြို့တော်ဘဏ် ပထမထပ်ရှိ စစ်ဆေးရေးဌာနရုံးခန်း၌ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသော အချက်များကို လူကိုယ်တိုင် လာရောက်၍ဖြစ်စေ ဖုန်း-၃၇၉၆၉၃၊ ၃၇၈၀၀၃၊ ၃၇၉၇၉၁၊ ၃၇၄၈၂၂တို့သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်ဆန်းလမ်း အမှတ် ၆၈ နေ ဦးပိန်းရွှေ-ဒေါ်သင်းထို မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

ဒက္ခိဏာရုံကျောင်းတိုက် မဟာသင်္ကြန် ဝိပဿနာတရားစခန်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဒက္ခိဏာရုံကျောင်းတိုက် ပဓာနနာယက (ပြည်ပသာသနာပြု) ဆရာတော် ဘဒ္ဒန္တ ဇောကာလင်္ကာရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ AA.(City Collage of Sanfrancisco)B.A.(Sanfrancisco State University)၏ ဩဝါဒကို ဦးထိပ်ထားပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ မေဓာနန္ဒ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဥတ္တရနှင့် မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ သုဇာတ (မေတ္တာအေးဆရာတော်)နှင့် မဟာစည်နယ်လှည့် ဓမ္မကထိက ဆရာတော်များက ဒသမအကြိမ်မြောက် ၁၃၆၇-၆၈ခုနှစ် မဟာသင်္ကြန်တွင်း ဧပြီ ၁၁ရက်မှ ၁၇ရက်ထိ ခုနစ်ရက်တိုင် ဝိပဿနာတရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် ဒက္ခိဏာရုံကျောင်းတိုက် အကျိုးဆောင်များ ဖုန်း-၆၅၁၇၆၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သင်္ကြန်တွင်းတရားစခန်းပွဲများ

ရန်ကုန် မတ် ၃၀

ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စု တာဝကျေးရွာ ဝိဇိတာရုံကျောင်းတိုက်ရှိပါလှဲ့ရွာမကျောင်းဆရာတော်ကြီးနှင့်ရွှေတောင်ကျောင်း ဆရာတော်ကြီးတို့၏ ဩဝါဒကိုခံယူ၍ ပဥ္စမအကြိမ်မြောက် ကျင်းပအပ်သော ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး ဥပနိဿယ သမထဝိပဿနာအကျင့် သင်္ကြန်တွင်းခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဝိဇိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတ (သာသနတက္ကသိုလ မဟာဓမ္မာစရိယ M.A Buddhism) နှင့် ဆရာမကြီး ဒေါ်ခင်အေး(စူဠ အာဘိဓမ္မိက ဝိသိဋ္ဌ ကလျာတာဥာကာဓဇ) တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဝိဇိတာရုံကျောင်းသို့ ဧပြီ ၁၂ရက်နေ့ညနေ အရောက်ကြွရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။

သဲအင်းဂူတရားပွဲ

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလ သဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ(မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာ တရားတော်များကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ အထူးအဓိဋ္ဌာန် (၁၀)ရက် တရားစခန်းဖွင့်လှစ်၍ ဟောကြားမည် ဖြစ်သည်။

တရားစခန်းဝင်သူများအား အခမဲ့ အာဟာရဒါနကျွေးမွေးမည်ဖြစ်ရာ ကုသိုလ်ပြု လှူဒါန်းလိုသူများသည် အရဏ်ဆွမ်းနှင့် နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်းနှင့် တရားစခန်းဝင်လိုသူများသည် ကြိုတင်စာရင်းပေးသွင်းလျက် ဧပြီ ၇ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

တာမွေမြို့နယ် အမက(၃၄) ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မူလတန်းအဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၈ရက်က ကျင်းပရာ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်အေးအေးက ကျောင်းသူ မယမင်းမြတ်အား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

အဆင့်မြင့်တန်း ကွင်းပိတ်ဖလားဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်က တံခွန်အသင်းကို အနိုင်ရရှိ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက တံခွန်အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်နိုင်

လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် တံခွန်အသင်းသည် မြို့တော်စည်ပင်အသင်းကို ပထမပိုင်း၌ ခြေစွမ်းပြကစားပြီး နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်း၌ ချေပဂိုးနှစ်ဂိုး ပြန်ပေးရကာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ တံခွန်အသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးနှစ်ဂိုး ဖြင့်ထိန်းကာ ဂိုးမပေးရရေးအဓိကထား ကစားရင်း မမျှော်လင့်ဘဲ ချေပဂိုးနှစ်ဂိုးအသွင်းခံလိုက်ရသည်။ ပွဲချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်နေ၍ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ကစားရာတွင်လည်း ဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။

ဂိုးကံခေ

အချိန်ပိုမိနစ် ၃၀ယှဉ်ပြိုင်ကစားရာတွင် တံခွန်အသင်းကသေချာပေါက် ဂိုးရနိုင်သည့် အခွင့်အရေး သုံးကြိမ်ခန့်ရရှိသော်လည်း ဂိုးမဝင်၍ ဂိုးကံခေသည်ဟု ဆိုရပေမည်။ ပယ်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် မြို့တော်စည်ပင်အသင်းက လေးဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး တံခွန်အသင်းက သုံးဂိုးသာဝင်အောင် ကန်သွင်းနိုင်သဖြင့် မြို့တော်စည်ပင်အသင်းက စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပယ်နယ်တီကန်သွင်း

တံခွန်အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုးကို ၂၅မိနစ်နှင့် မိနစ် ၃၀တွင် နိုင်နိုင်လင်းက သွင်းယူပေးသည်။ မြို့တော်စည်ပင်အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၇၁မိနစ်နှင့် ၇၈မိနစ်တွင် ဇော်နိုင်ထွန်းက သွင်းယူပေးသည်။ ပယ်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် မြို့တော်စည်ပင်အသင်းမှ ကျော်တိုး၊ ကျော်ဌေးဦး၊ အောင်ဇော်မျိုးနှင့် တင့်နိုင်ထွန်းသိန်းတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ဇော်နိုင်ထွန်းကန်သွင်းမှုမှာ ဂိုးမဝင်ခဲ့ချေ။

တံခွန်အသင်းမှ အောင်မိုး၊ အေးမိုးနှင့် နေဇော်ထက်တို့ ဂိုးဝင်အောင် ကန်သွင်းနိုင်ပြီး အောင်လတ်သူနှင့် ဇင်မျိုးအောင်တို့၏ ကန်သွင်းမှုမှာ ဂိုးမဝင်ခဲ့ချေ။ မြို့တော်စည်ပင်အသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ လယ်ယာထွက်ကုန်အသင်းနှင့် ကမ္ဘောဇအသင်းတို့၏ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ဧပြီ ၅ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မတ် ၃၁ရက် **(ယနေ့)** ညနေ ၃နာရီ၄၅မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဒေါ်ပုံမြို့နယ် ဆေးစက်ရပ်ကွက် အနော်ရထာလမ်းကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဒညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ဆုများပေးအပ်

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော နိုင်နိုင်လင်းအားလည်းကောင်း၊ ကျင်းအမှတ် ၁၁ တွင် တစ်ပေဖြင့် Nearest to the Pin ဆုရရှိသော နေမျိုးအောင်အားလည်းကောင်း၊ ကျင်းအမှတ် ၉ တွင် ၃၁၇ ကိုက်ဖြင့် Longest Drive ဆု ရရှိသော ဖိုလ်မှူးမောင်ထွေးအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် Professional Golfer ဦးချမ်းဟန်နှင့် ဒါရိုက်တာ ဦးတင့်ဦး(IBTC) တို့က ပြိုင်ပွဲတွင် Conscolation ဆုရရှိကြသော အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားတို့အား ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပြိုင်ပွဲတွင် Nett Total အချက်၁၄၀ဖြင့် ပထမရရှိသော ဖြိုးကျော်ကျော်၊ Nett Total အချက် ၁၄၀ဖြင့် ဒုတိယရရှိသော သန့်ဇော်ထိုက်၊ Nett Total ၁၄၁ ချက်ဖြင့် တတိယရရှိသော ရဲမျိုးဟိန်းနှင့် Nett Total ၁၄၁ ချက်ဖြင့် စတုတ္ထရရှိသော လှရွှေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒါရိုက်တာ ဦးတင့်ဦး (IBTC)က ရန်ကုန်ဂေါက်ကလပ်သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အမှုဆောင် ဦးခိုင်စိုးသာက လက်ခံသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsors မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Park Royal Hotel၊ Crusher Club Soda နှင့် Srixon တို့က အသီးသီးပါဝင်ကူညီကြပြီး ရန်ကုန်ဂေါက်ကလပ် ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ယှဉ်ပြိုင် အင်တာမီလန်အိမ်ကွင်း၌ အနိုင်ရ၊ အေစီမီလန်တို့ အဝေးကွင်း၌ သရေကျ

မီလန် မတ် ၃၀

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို မတ် ၂၉ ရက်က ဆက်လက်ကစားရာ အင်တာမီလန်က ဗီလာရီးရဲကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို လိုင်ယွန်နှင့် အေစီမီလန်တို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

အင်တာမီလန်နှင့်ဗီလာရီးရဲ

အင်တာမီလန်တို့ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ဗီလာရီးရဲကို အနိုင်ရရှိခဲ့သဖြင့် ဒုတိယအကျော့အတွက် အခြေအနေ ကောင်းသွားသည်။ အင်တာမီလန် တိုက်စစ်မှူးများဖြစ်သည့် ရီကိုဘာ၊ အက်ဒရီယာနိုနှင့် စတန်ကိုဗစ်တို့က ထိုးဖောက်အားကောင်းကောင်းဖြင့် တိုက်စစ်ဆင်ခဲ့မှုကြောင့်လည်း ချေပဂိုးနှင့်အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စုစည်းရေးသားသူ မောင်မောင်မြင့်ဆွေ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အင်တာမီလန်နှင့် ဗီလာရီးရဲတို့ပွဲတွင် အင်တာမီလန်မှ အက်ဒယာရီနို (ဝဲ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် လိုင်ယွန်နှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်ကွင်းလယ်ကစားသမား ဂတ်တူဆို၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ဗီလာရီးရဲ၏ မန်ယူတိုက်စစ်မှူးဟောင်း ဒီဂိုဖော်လန်က ပွဲချိန် ၄၅ စက္ကန့်၌ အဖွင့်ဂိုးစောစီးစွာသွင်းယူလိုက်ရာ အင်တာမီလန်တို့ ရုတ်တရက် အငိုက်မိခဲ့သည်။ သို့သော် အင်တာမီလန်တိုက်စစ်မှူး အက်ဒရီယာနိုက ပွဲချိန် ခုနစ်မိနစ်၌ ချေပဂိုး ပြန်သွင်းယူလိုက်၍ တစ်ဂိုးစီသရေ ဖြစ်နေခဲ့သည်။

ပထမပိုင်းပွဲချိန်အတွင်း အင်တာမီလန်တို့ ဂိုးထပ်မံမသွင်းနိုင်ဘဲ ရီကိုဘာအစား မာတင်ကိုထည့်သွင်းကစားခဲ့သလို ဒုတိယပိုင်းတွင် ဆီဆာအစား မာတာရာဇီ၊ စတန်ကိုဗစ်အစား ဂွန်ဇာလက်တို့ကို ထည့်သွင်းကစားခဲ့သည်။ အင်တာမီလန်တို့ အိမ်ကွင်း၌ အနိုင်ရရှိရေး ဒုတိယပိုင်းတွင် ကစားအားတင်ခဲ့ရာမှ ပွဲချိန် ၅၄မိနစ်တွင် တိုက်စစ်မှူးမာတင်ကအင်တာမီလန်အတွက် အနိုင်ဂိုး သွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်နှင့်အေစီမီလန်

အေစီမီလန်တို့ ဂိုးကံခေခဲ့၍သာ အနိုင်မရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်မိနစ် ၂၀တွင် အခွင့်အရေးကောင်းရရှိခဲ့သော်လည်း ဒီနို၏ကန်ချက် မမှန်ကန်မှုကြောင့် ဂိုးမရှိခဲ့ခြင်းဖြစ်သည်။ အေစီမီလန်မှ ရှက်ဗ်ချင်ကို၊ ဂီလာဒီနိုနှင့် ဆာဂျင်ဟိုတို့ ဆီးဒေါ့ဖ်၊ ပီယာလို၊ ကာကာတို့နှင့် နားလည်မှုရှိရှိ ထိုးဖောက်ကစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

လိုင်ယွန်တို့ အိမ်ကွင်း၌ အေစီမီလန်ကို အနိုင်ဂိုးသွင်းယူနိုင်ရန် ပွဲချိန် ၅၅ မိနစ်တွင် အခွင့်အရေးကောင်း ရရှိခဲ့သော်လည်း ဂိုးအဖြစ်မဖန်တီးနိုင်ခဲ့ချေ။ လိုင်ယွန်တို့ အိမ်ကွင်း၌ တစ်ဂိုးမျှအသွင်းမခံရဘဲ သရေပွဲဖြစ်ခဲ့ခြင်းမှာအဝေးကွင်းရလဒ်ကောင်းအောင် ဖန်တီးနိုင်ဖို့ အခွင့်အရေးကောင်း တစ်ခု ဖြစ်နေလျက်ရှိသည်။

သို့သော်လိုင်ယွန်၏ ယခုခြေစွမ်းဖြင့် အေစီမီလန်အပေါ်ဒုတိယအကျော့၌ အနိုင်ရရန် ခက်ခက်ခဲခဲ ကြိုးစားရဖွယ်ရှိနေသည်။ ။

(အင်တာနက်)

မက္ကဆီကိုနှင့် ပါရာဂွေး ခြေစမ်းပွဲ တစ်ဖက်တစ်ဂိုးစီသရေကျ

မက္ကဆီကိုစီးတီး မတ် ၃၀

၂၀၀၆ကမ္ဘာ့ဖလားပွဲအကြို ခြေစမ်းပွဲအဖြစ် မက္ကဆီကိုနှင့် ပါရာဂွေးတို့ မတ် ၂၉ ရက်က မက္ကဆီကို နိုင်ငံတွင် ကစားရာ တစ်ဖက်တစ်ဂိုးစီသရေပွဲ ဖြစ်သွားခဲ့သည်။

ပါရာဂွေးအတွက် အဖွင့်ဂိုးကို ပွဲချိန်နှစ်မိနစ်မှာပင် ပါရာဂွေးတိုက်စစ်မှူး နီလ်ဆင်ကွီဘတ်က သွင်းယူလိုက်ပြီး မက္ကဆီကိုအတွက် ချေပဂိုးကို မိနစ် ၃၀၌ မက္ကဆီကို တိုက်စစ်မှူးအိုမာဘရာဗိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် သွင်းယူပေးခဲ့သည်။

ယခုပွဲတွင် မက္ကဆီကိုမှ ပီနီဒါနှင့် ဒါဗီနိုတို့အစား ဟိုင်ကွီနှင့် ရိုဒရီဂတ်စ်တို့ ဝင်ရောက်ကစားသော်လည်း ပါရာဂွေးက လူစားတစ်ဦးမျှ အစားထိုး မကစားခဲ့ချေ။

(အင်တာနက်)



မက္ကဆီကိုနှင့် ပါရာဂွေးတို့ ချစ်ကြည်ရေး ခြေစမ်းပွဲတွင် မက္ကဆီကို တိုက်စစ်မှူးအိုမာဘရာဗို ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ် ၂၇မှ လက်ကျန်ပွဲစဉ်ယှဉ်ပြိုင် နစ္စတယ်ရွိုင်း၏ဂိုးဖြင့် မန်ယူနိုင်ပွဲဆက်

လန်ဒန် မတ် ၃၀

ပရီမီယာလိဂ်ပွဲစဉ်၂၇မှလက်ကျန်ပွဲတွင်လည်းမန်ယူတို့နိုင်ပွဲဆက်ခဲ့ပြန်သည်။ မတ် ၂၉ ရက်က ကစားသည့် ဝက်စ်ဟမ်းနှင့်ပွဲတွင် တိုက်စစ်မှူး နစ္စတယ်ရွိုင်း၏ တစ်လုံးတည်းသော ဂိုးဖြင့် မန်ယူတို့နိုင်ပွဲရရှိခဲ့ရာ ထိပ်ဆုံးမှပြေးနေသော ချယ်လ်ဆီးနှင့်ပွဲတူကိုးမှတ်ကွာ အနေအထားသို့ရောက်ရှိလာသည်။

အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ မန်ယူတို့ ဝက်စ်ဟမ်းအပေါ် ဖိဖိစီးစီးကစားခဲ့ရသည်။ မန်ယူတို့လူစုံထုတ်ပြီး ဝက်စ်ဟမ်းကို အနိုင်ရအောင် ကစားခဲ့ရာ ပွဲချိန် ၄၅မိနစ်တွင် နစ္စတယ်ရွိုင်းက ဝက်စ်ဟမ်း ပယ်နယ်တီဧရိယာအနီးမှ ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူခဲ့သဖြင့် ယင်းတစ်ဂိုးတည်းဖြင့် မန်ယူတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုဂိုးသည် မန်ယူအတွက် နစ္စတယ်ရွိုင်း၏ ၁၄၉ဂိုးမြောက်ဂိုးဖြစ်သည်။ မန်ယူနိုင်ပွဲရရှိသဖြင့် ဖာဂူဆန်ကနစ္စတယ်ရွိုင်းသည် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း၊ ဂိုးသွင်းစွမ်းရည်များ ထက်မြက်ဆဲဖြစ်ကြောင်းချီးကျူးပြောကြားခဲ့သည်။

ထို့အပြင် မန်ယူတွင် ရွန်နေနှင့် ဆာဟာတို့လည်း ဂိုးသွင်းစွမ်းရည်မြင့်မားသူများဖြစ်ရာ မန်ယူအတွက် အကောင်းဆုံး တိုက်စစ်မှူးများဖြစ်ကြောင်း ဖာဂူဆန်က ဆက်လက်ပြောကြားလိုက်သည်။

(အင်တာနက်)

ထိုးဖောက်ကစား

ပရီမီယာလိဂ် ပွဲစဉ် (၂၇) အဖြစ် မန်ယူနှင့် ဝက်စ်ဟမ်းတို့ ပွဲတွင် မန်ယူတိုက်စစ်မှူး ရွန်နေ (ဝဲ)၏ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်– ၂၀၀၆ခုနှစ်၊ ဧပြီလ ၂ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် – နံနက် ၉ နာရီ

ကျင်းပမည့်နေရာ – Hotel Nikko Royal Lake

မှတ်ချက်။ ။ဖိတ်စာများကို တစ်ဦးချင်းစီသို့ ပေးပို့ထားပါသည်။ ဖိတ်စာအချိန်မီမရရှိပါကလည်း တက်ရောက်ပါရန် ထပ်ဆင့်ဖိတ်ကြားအပ်ပါသည်။ တက်ရောက်ခြင်း မပြုနိုင်ပါက တယ်လီဖုန်းအမှတ် ၅၅၉၆၇၂၊ ၅၅၉၆၇၃ တို့သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့။

နောင်ဘိုဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

ပဲခူးတိုင်း ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာ နောင်ဘိုဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာအလုပ်ပေးတရားများကို ဆရာတော်ကြီး၏တပည့်ဖြစ်သော နောင်ဘိုဆရာတော်အရှင်အာစိဏ္ဏက ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာ တရားတော်များကို ဧပြီ၂ရက်မှ ၁၈ရက်အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဧပြီ၂ရက်အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘဝအလှကို ပြုစု မူးယစ်ဆေးဝါး မျက်ကွယ်ပြု

လူပျောက်ကြော်ငြာ



မောင်အောင်နိုင်ချစ် အသက်(၉)နှစ်၊ အသားအနည်းငယ်ညို(ပိန်)၊ အရပ် လေးပေခန့်၊ ခေါင်းတုံး၊ ခေါင်းတွင်ဒက်များရှိ၊ နားရွက်ကားသည် ၂၉–၃–၂၀၀၆ရက် မွန်းတည့် ၁၂နာရီခန့်တွင် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာ၃ဥယျာဉ် လုံးချင်းအိမ်ရာ မိကျောင်းကန်မှပျောက်ဆုံးသွားပါ၍ တွေ့ရှိက အမြန်ဆက်သွယ်ပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း–၅၅၈၈၅၃။**

အမည်ပြောင်း

ဓနိးကုန်းမြို့နေ (ဘ)ဦးမြင့်ဆွေ၏ သမီး မဆွေဇင်ဦး ၇/နတလ(နိုင်) ၀၃၆၉၇၈ ပြည်တက္ကသိုလ် (ဒုတိယနှစ်၊ ဥပဒေ)အား ယနေ့မှစ၍ မဆွေဇင်သွင်ဟု ပြောင်းလဲခေါ်ပါရန်။

မဆွေဇင်သွင်။











ဖျာပုံမြို့၌ တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ဖျာပုံ မတ် ၂၇

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက် မွန်းလွဲ ၁နာရီက ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်က အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှပေးပို့သော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အဖွင့်မိန့်ခွန်းကို ခရိုင်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းနေအောင်က ဖတ်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ချောခင်း

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြသီတာ(၁)လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ်၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ်ဆေးရုံ အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေပေးအပ်

ရွှေတောင် မတ် ၃

ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က အဆိုပါဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသန်းမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာအေးကိုကိုတို့က အမှာစကားပြောကြားပြီး တိုက်နယ် ဆရာဝန် ဒေါက်တာသိန်းမြို့က ဆေးရုံအခြေအနေများနှင့် အလှူငွေရရှိရေး ဆောင်ရွက်ပုံအကြောင်း ရှင်းလင်းသည်။

ပေးအပ်

ဆက်လက်၍ အလှူငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ**(အောက်ဝဲပုံ)**၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်သွင်ဦးနှင့် ကော်မတီစာရင်းစစ်တို့က အလှူရှင်များအား တစ်ဦးချင်း ပေးအပ်ကြသည်။

လှူဒါန်း

အဆိုပါ ဆေးရုံသို့ ခေတ္တစင်ကာပူနေ ဦးဇော်မြင့်–ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် ၃၅၄၅၀၀ တန် ခွဲစိတ်ခန်းသုံး လေအေးပေးစက်တစ်လုံး၊ မန္တလေးမြို့ချောင်းထောင့်နေ ဦးလှမြင့်မိသားစုက ငွေကျပ် ၂၅၀၀၀၀ တန် ခွဲစိတ်ခန်းသုံး မီးစလောင်းတစ်စုံ၊ ရန်ကုန်မြို့နေ ဦးစိုးဝင်း–ဒေါ်သိန်းသိန်းမိသားစုက ငွေကျပ် ၃၀၀၀၀၀ တန် ခွဲစိတ်ခန်းသုံး ခုတင်တစ်လုံး၊ ကျီးသဲတိုက်နယ် ဆရာဝန် ဒေါက်တာသိန်းမြို့နှင့် ဝန်ထမ်းများက ငွေကျပ် ၁၈၀၀၀၀ တန် ခွဲစိတ်ခန်းသုံး ရေခဲသေတ္တာတစ်လုံးနှင့် ငွေကျပ် ၃၃၅၀၀၀ တန်ဖိုးရှိ ၂၁ လက်မရုပ်မြင်သံကြားပြစက်၊ ကျီးသဲတိုက်နယ် ဘုရားလမ်းနေ ဦးစိန်မောင်–ဒေါ်မြရီ မိသားစုက ငွေကျပ် ၂၈၀၀၀၀တန်ဖိုးရှိ သားဖွားခန်းအတွက် ကြွေပြားလှူဒါန်းကြပြီး ဆက်လက်၍ အလှူရှင်များက ဆေးပဒေသာပင်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

တမူးခရိုင်ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး ကော်မတီဝင်များနှင့် လုပ်ငန်းများဆွေးနွေး

တမူး မတ် ၃

တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးအောင်သန်းနှင့် မြို့နယ် ဦးစီးမှူး ဦးအောင်ခင်တို့သည် ဖေဖော်ဝါရီ ၅ရက်က ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ကြရာ တွိဗန့် ကျေးရွာ ပညာ့ရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် လည်းကောင်း၊ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက စွန်လည်ရွာသစ်အင်အား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် လည်းကောင်း၊ယင်းနေ့ ညနေပိုင်းက စွန်လည်ရွာဟောင်း နေခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်တွင် လည်းကောင်း၊ ကျေးရွာအဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရှင်သန် တိုးတက်ရေး လုပ်ငန်းများ ဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပေးပို့သော စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီများသို့ လွှဲပြောင်းပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၁–၄–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုတ္တိုရ်နိကာယ် သုတ်)

နေ့လယ်ပိုင်း

၀၉:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နည်းပညာသုံး စက်မှုအလုပ်ကုန် ထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ အဘိုးအဘွားအလေးထားကဏ္ဍ (ဘွားသက်ရှည် ဖွားအိမ်ပြည့်)
၁၂:၁၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂:၁၅ နေ့စဉ်သုံး အိဒီယမ်(ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၆:၃၀ ထီပေါက်စဉ်
၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (မန္တလေးတိုင်းမှ မောင်ရဲနောင်နှင့် ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင် တို့၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးအတွက် လိုအပ်သော ကိုယ်လက်လှုပ်ရှားမှု–ဒေါက်တာမြင့်လွင်)
၁၈:၄၅ လှပသာယာအိမ်ဂေဟာ (အရောင်အသွေးခိုင်ခံ့ ခေတ်မီဖို့ ချစ်စံအိမ်ကို အလှဆင်စို့)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ရတနာမြိုင် တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ၂၀၀၆ ခုနှစ် ရတနာမြိုင်သင်္ကြန်တေးစီးရီး)

အရာတော်မြို့ မပိုက်မိကုန်းရေပေးစခန်းတွင် ခြောက်လက်မ တွင်းသစ်တူးဖော်၍ ရေမြှုပ်ပန့် တိုးချဲ့ လုပ်ငန်းဆောင်ရွက်ရန် မတ် ၁၄ ရက်က စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်း၍ စက်ရေတွင်းတူးဖော်ရန် ပန္နက်တင်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေနှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ တက်ရောက်ကြစဉ်။

(မြို့နယ် စည်ပင်)

ဝမ်းတွင်းမြို့နယ် စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ဝမ်းတွင်း မတ် ၁၅

ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၇၂)တွင် ဖေဖော်ဝါရီ၂၈ရက် ညနေ၅ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်နှင့်အညီ သရုပ်ပြလေ့ကျင့်ဆောင်ရွက်ရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက ရေနံလောင်စာဆီနှင့် ပတ်သက်၍ မီးလောင်ကျွမ်းနိုင်မှု အခြေအနေများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးစနစ်များကို ရှင်းလင်းပြောကြားသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာ ဦးကံမြင့်က မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာ့ရေနံထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများက မီးဘေးကြိုတင်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် မီးငြိမ်းသတ် ကျွမ်းကျင်မှုအခြေအနေများကို မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြင်းမူမြို့နယ် ထိန်းကန် ကျေးရွာ၌ ဒ သ မ အကြိမ် အလှူရှင် စက်ရေတွင်း အနက်ပေ ၇၀၀ တူးဖော်ပြီးစီးမှုကို မတ် ၁၀ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေး မှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသူရကျော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

အကြိမ် (၉၀)မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၃၀

မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပား ကျေးရွာ နယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ် ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် (ပထမဆင့်) မော်လမြိုင် တောင်ဝိုင်း ဓမ္မရက္ခိတဆရာတော် ချင်းတွင်းအရှင်ကလျာဏ **(အပေါ်ပုံ)**သည် မတ်၂၂ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် အကြိမ် **(၉၀)** မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၂၅၀ကျော် အကုန်ကျခံ တည်ဆောက်ဆဲဖြစ်သော သိမ် အဆောက်အအုံသစ်အတွက် ဖေဖော်ဝါရီ ၁၁ ရက်က ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ ကျိုက်သုတ်ဘုရားလမ်း အမှတ် (၂၂)နေ ကိုရဲမင်း- မနိုင်နိုင်မိသားစုက ငွေကျပ် ၅၅၀၀၀၀ ကို ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ဖန်မီးအိမ်စာကြည့်တိုက် အလှူရှင်များ စာအုပ်နှင့်ငွေပဒေသာပင်စိုက်ထူ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

မန္တလေး မတ် ၁၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တံခါးမကျေးရွာတွင် ဖန်မီးအိမ် စာကြည့်တိုက်အတွက် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အလှူရှင်များက သုတ၊ ရသစာအုပ်များနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို မတ် ၈ ရက် မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးရှိ e-Library ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အမှာစကား ပြောကြားပြီး စာကြည့်တိုက်တာဝန်ခံ ဆရာတော်အရှင်သူရိယ ဓမ္မဉာဏ သိဒ္ဓိက စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆောင်ရွက်နေမှုနှင့် စာစုစာရင်း ပြုစုထားရှိမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ဒေါက်တာဖေသောင်း၊ ဇနီး ဒေါက်တာ ခင်ဝင်းမေ၊ သားမောင်မျိုးဖေသောင်းမိသားစုက မဂ္ဂဇင်းမျိုးစုံ ၅၂၅အုပ်နှင့် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း တစ်နှစ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငါးနှစ်အတွက် ကျပ်ငါးသိန်း၊ ဦးအုန်းငွေမိသားစုက သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၅၀၀၊ မအင်ကြင်းခင်က စာအုပ်မျိုးစုံအုပ်၂၅၀နှင့် ငွေကျပ်ငါးထောင်၊ ဦးကျော်ကျော်-ဒေါ်မီးမီး မိသားစုက ဗီစီဒီပြစက်တစ်လုံး၊ စာအုပ်မျိုးစုံ အုပ် ၅၀၀နှင့် ငွေကျပ်နှစ်သောင်း၊ ဦးချစ်ထွေး-(ဒေါ်ဝေဝေ)အနန္တမေတ္တာ ဖယောင်းတိုင် မဟာမြိုင်ရပ်ကွက်က ငွေကျပ်ငါးထောင်တို့ကိုလှူဒါန်းကြရာ ဆရာတော်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင်များကိုယ်စား အလှူရှင်မအင်ကြင်းခင်က စာအုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာဦးစိုးနိုင်(မန်းတက္ကသိုလ်)က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့၌ ဗျည်း-ကန်စောက်နှင့် မြို့ပတ်လမ်းသစ်များဖွင့် ခြံစည်းရိုးကြက်ဆူပင်ရှင်သန်မှုနှင့် ပျိုးထောင်ထားမှုစစ်ဆေး

ပခုက္ကူ မတ် ၂၀

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဗျည်း-ကန်စောက် ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို မတ်၁၂ရက် နံနက် ၈နာရီက ဗျည်း-ကန်စောက် ကျောက်ချောလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မြို့ပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်

ထို့နောက် ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မြို့ပတ်လမ်းထိပ်မုခ်ဦး၌ ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်တာဝန်ခံ ဦးကျော်တင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဗျည်း-ကန်စောက် ကျေးလက်ကျောက်ချောလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၉၄ သိန်းဖြင့် ဆောင်ရွက်သော လမ်းဖြစ်ပြီး အလျားပေ ၅၂၈၀၊ အကျယ် ၁၂ပေရှိပြီး မြို့ပတ်လမ်းကတ္တရာလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၆သိန်းဖြင့် ဆောင်ရွက်သော လမ်းဖြစ်ပြီး အလျားပေ ၁၁၀၀၊ အကျယ် ၁၂ပေ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်နေမှုကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူ ပျိုးပင်တစ်သိန်းအား ပျိုးခြံတွင် ပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ **(နယ်စပ်/စည်ပင်)**

အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ကောလင်း မတ် ၂

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး၏ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း စီမံချက်အရ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ် စည်ပင်သာယာဈေးရုံးခန်းမတွင် ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသန့်နိုင်၊ ဈေးခေါင်း ဦးကျော်သူဝင်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးကြည်နှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်က အမှာစကား ပြောကြားပြီး ဈေးခေါင်းဦးကျော်သူဝင်းနှင့် ဈေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်တို့က ဈေးသူဈေးသားများနှင့် ဈေးစည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပါဝင်သော အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရေးနှင့် ခေတ်မီဈေးသစ်တည်ဆောက်ရေးတို့နှင့် ပတ်သက်၍ ညှိနှိုင်းကြသည်။ **(၀၂၆)**

မတ် ၁၅ ရက်က ညောင်လေးပင်မြို့နယ် ရေပေါ်သောင်ကျေးရွာတွင် တိုင်းရင်းသူများက အမျိုးသမီးရေးရာဝင်ခွင့် အဆိုပြုလွှာ စောင်ရေ ၁၀၀ ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက လက်ခံရယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများနှင့် အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို မတ် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် မြို့မဈေးဝန်ထမ်းများ၊ မြို့မဈေးအကျိုးဆောင်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ကြစဉ်။ (၀၆၄)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၃-၄-၂၀၀၆ (တနင်္လာနေ့)

- ❑ Electrophilic Addition To Unsaturated Carbon
  - တတိယနှစ်ဓာတုဗေဒ အထူးပြုကျောင်းသား၊ကျောင်းသူများ
- ❑ Electrophilic Aromatic Substitution
  - တတိယနှစ်ဓာတုဗေဒ အထူးပြုကျောင်းသား၊ကျောင်းသူများ

၄-၄-၂၀၀၆ (အင်္ဂါနေ့)

- ❑ Drama Part (1)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသား၊ကျောင်းသူများ
- ❑ Drama Part (2)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသား၊ကျောင်းသူများ

၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Reported Speech
  - ပထမနှစ်၊ ဒုတိယနှစ်၊ အင်္ဂလိပ်စာအထူးပြုကျောင်းသား၊ကျောင်းသူများ
- ❑ How to Write a Summary
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်အင်္ဂလိပ်စာအထူးပြုကျောင်းသား၊ ကျောင်းသူများ

၆-၄-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Economic Development Concept And Measurement
  - တတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Simple Linear Regression And Correlation
  - ပထနှစ်စီးပွားရေးပညာ အထူးပြု

၇-၄-၂၀၀၆ (သောကြာနေ့)

- ❑ Free Trade Versus Protectionism
  - တတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Theories of Consumer Behaviour
  - ဒုတိယနှစ်စီးပွားရေးပညာ အထူးပြု

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၈-၄-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၉-၄-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ မတ် ၃ရက်က မြောက်ဦးမြို့ အောင်မင်္ဂလာဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ခြေနီ ရှေးဦးပြုစု အခြေခံအဆင့် သင်တန်းဆင်း

မြစ်ကြီးနား မတ် ၂၂

ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံအဆင့် သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဆင်းပွဲအခမ်းအနားကို မတ် ၁၅ရက် နံနက် ၁၁နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အင်္ဂျန်းဒုံ မေတ္တာရင်ခွင်ကလေးများဂေဟာ၌ကျင်းပရာ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး ပထမတန်းဦးဂဲနက်စ်က သင်တန်းသူ ၁၆ဦးနှင့် သင်တန်းသား ၂၇ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ရာ သင်တန်းသားခေါင်းဆောင် ယိန်းချမ်က လက်ခံယူကြောင်း သိရသည်။

(အောက်ပုံ)(စာပေနှင့်စာနယ်ဇင်း)

ခရိုင်ချင်းဆက်လမ်း အပိုင်း(၁)တွင် ပါဝင်သော ဇီးကုန်းမြို့နယ်ရှိ ကုလားတမံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခြံစည်းရိုး ကြက်ဆူပင် လျှာထားချက် ပြည့်မီရန် စိုက်ပျိုး

မိုင်းတုံ မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ကြက်ဆူပျိုးပင်များ လျာထားချက်ပြည့်မီအောင် ပျိုးထောင် စိုက်ပျိုးလျက်ရှိရာ မတ် ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကြက်ဆူပင်များ ထပ်မံဖြည့်တင်းပျိုးထောင် စိုက်ပျိုးခြင်းနှင့် ရေလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မကွေးမြို့၌ ကျောက်ချောလမ်းခင်း

မကွေး မတ် ၁၆

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအား တာဝန်ခံ အင်ဂျင်နီယာ ဒေါ်မြင့်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မြို့နယ် သတင်းများ

မီးဘေးကာကွယ်ရေး ဖြူးမြို့၌ သရုပ်ပြလေ့ကျင့်

ဖြူး မတ် ၂၃

ပဲခူးတိုင်း ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မတ်၁၃ရက်က မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်သန်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေနံချောင်းမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မတ် ၁၃ ရက်က အပေါ့စား မီးသတ်စက်များဖြင့် သရုပ်ပြ ဖျန်းပက်လေ့ကျင့်ကြစဉ်။ (မြို့နယ် စည်ပင်)

သာသနာ့ဗိမာန် တည်ဆောက်ရေး ဆက်သွယ်လှူဒါန်းနိုင်

ကျိုက်ထို မတ် ၁၆

ကျိုက်ထိုမြို့နယ်တွင် နှစ်ပေါင်း ၄၀ ကျော်က ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်)မှ အလှူရှင်များလှူဒါန်းခဲ့သော မဟာဘုံကထိန်၌ သာသနာ့ဗိမာန်တော်ကြီး ယိုယွင်း ပျက်စီးနေပြီဖြစ်၍ အလှူရှင်များ မတည်ငွေကျပ်သိန်း၂၀၀ ဖြင့် အသစ်ပြန်လည် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါခေတ်မီ အဆောက်အအုံ သည်ငွေကျပ်သိန်း ၇၀၀ကျော် ကုန်ကျမည်ဖြစ်၍ အလှူရှင်များအနေဖြင့် သာသနာ့ဗိမာန် တည်ဆောက်ရေး ကော်မတီများဖြစ်သော အတွင်းရေးမှူး ဦးသိန်းနိုင်(ယုန်နီသက်န်းတိုက်)ဗိုလ်ချုပ်လမ်း ကျိုက်ထိုမြို့ ဖုန်း –၀၅၇–၆၀၂၂၁၅၊ အဖွဲ့ဝင် ဦးမြင့်လွင် ဗိုလ်ချုပ်လမ်း ကျိုက်ထိုမြို့ ဖုန်း–၀၅၇–၆၀၂၃၄၆၊ နာယက ဦးပြုံး ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်) ဖုန်း–၀၁–၂၄၆၅၃၀တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထူပါရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

တောင်တွင်းကြီး မတ် ၂၆

တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မောင်းတိုင်(၂)ရပ်ကွက် ထူပါရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းက ထူပါရုံလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး၊ မောင်းတိုင် (၂) ရပ်ကွက် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက် ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူးဦးညိုဝင်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထူပါရုံလမ်းကတ္တရာလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှကုန်ကျငွေကျပ်၇၅၅၀၀၀၀ဖြင့်အကုန်အကျခံ၍ လမ်းအရှည် ပေ၁၄၂၀၊ အကျယ်၁၂ပေကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၃ ရက်က ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကဒါရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း လမ်းဘေးကပ်တုံးများ ပြုလုပ်မှုကို ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။ **(မြို့နယ်စည်ပင်)**

မိုးကြိုဂုန်လျှော် / ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ဆူနာမီ ကြိုတင်သတိပေးမှုဆိုင်ရာ ကိရိယာများ စစ်တွေနှင့် မော်လမြိုင်တွင် တပ်ဆင်သွားမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၀

ဆူနာမီ . . . ။

ကမ္ဘာ့ပြည်သူတို့၏ စိတ်နှလုံးကိုခြိမ်းခြောက်မှုပြုခဲ့သော အမည်ဖြစ်သည်။ ဆူနာမီနှင့်အတူ ခါးသီးဖွယ်ရာ အဖြစ်ပျက်များ၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးခဲ့ရမှုများ ကြုံတွေ့ခဲ့ရမှုမှာ ကမ္ဘာ့ပြည်သူအပေါင်းအား သဘာဝဘေးအန္တရာယ်အပေါ် အချက်ပေးခေါင်းလောင်းသံသဖွယ် ဖြစ်ခဲ့လေသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်တွင် အင်အားရစ်ချ်တာစကေး ၉ ဒသမ ၀ အဆင့်ရှိ မြေငလျင်ကြီးလှုပ်ရာမှ ဖြစ်ပေါ်ခဲ့သော ဆူနာမီလှိုင်းဂယက်ကို အနည်းငယ်သာခံခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အလုပ်ရုံဆွေးနွေးပွဲ

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များနှင့် မြေငလျင်ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ ၂၀၀၅ ခုနှစ် မေ ၂၇ ရက်က အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဤသို့ ကျင်းပခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မိုး/ဇလ)

ဩစတြေးလျနိုင်ငံအနောက်ပိုင်းကမ်းရိုးတန်းတွင် ဂလန်ဒါမုန်တိုင်း ဝင်ရောက်လာခြင်း ဂြိုဟ်တုပုံရိပ်ကို မတ် ၂၉ ရက်က ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)



ဂလန်ဒါမုန်တိုင်း အင်အားပိုမိုကောင်းမွန်နေ ပြည်သူရာပေါင်းများစွာ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရ

ဗာ့သ် မတ် ၃၀

ဂလန်ဒါဆိုင်ကလုံးမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၅ မိုင်နှုန်းဖြင့် ဩစတြေးလျ အနောက်မြောက်ပိုင်း ကမ်းရိုးတန်းသို့ ဖြတ်သန်းမတိုက်ခတ်မီ မတ် ၃၀ ရက်က အင်အားပိုမိုကောင်းမွန်လာခဲ့ကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုမှ ထုတ်ပြန်ကြေညာခဲ့သည်။

နေအိမ်များစွန့်ခွာ

ဂလန်ဒါဆိုင်ကလုံးမုန်တိုင်းကြောင့် ရေနံနှင့် ဂက်စ်တွင်းများကို ပိတ်ပစ်လိုက်ရပြီး သံသတ္တုရိုင်းများ သင်္ဘောတင်မည့်လုပ်ငန်းများကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့ကာ လူရာပေါင်းများစွာသည် နေအိမ်များကို စွန့်ခွာခဲ့ရသည်။

ဖြတ်သန်းတိုက်ခတ်

ဂလန်ဒါမုန်တိုင်း ဩစတြေးလျအနောက်ပိုင်းပြည်နယ်ရှိ ဒန်ပီယာဆိပ်ကမ်းမှ ဖြတ်သန်းတိုက်ခတ်သွားပြီးနောက် မကြာမီတွင် ပျက်စီးဆုံးရှုံးမှု သတင်းအချို့ကို ရရှိခဲ့သည်။

စိုးရိမ်လျက်ရှိ

ယင်းမုန်တိုင်း ဖြတ်သန်းမတိုက်ခတ်မီ ဒေသခံများအား အစောပိုင်းကတည်းက ပြောင်းရွှေ့ပေးထားသည်။ ဂလန်ဒါဆိုင်ကလုံးမုန်တိုင်းသည် ယခုလအစောပိုင်းက တိုက်ခတ်ခဲ့သည့် လာရီဆိုင်ကလုံးထက် ပိုမိုအပျက်အစီးများမည်ကို အာဏာပိုင်များက စိုးရိမ်လျက်ရှိကြသည်။ **(အင်တာနက်)**

မိုးလေဝသအခြေအနေ (၃၁-၃-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု၏ ဆိုးရွားသောဒဏ် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများမှ ပြည်သူများ ခံစားနေရ

လန်ဒန် မတ် ၃၀

ရာသီဥတုပြောင်းလဲမှုကြောင့် အဆိုးရွားဆုံးဒဏ်ခံရသူများမှာ အာရှနှင့် အာဖရိကရှိ အဆင်းရဲဆုံးနိုင်ငံများမှ ပြည်သူများသာလျှင်ဖြစ်လိမ့်မည်ဟု ဗြိတိန်အစိုးရ၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြပါရှိသည်။

ဗြိတိန်နိုင်ငံကဲ့သို့သော နိုင်ငံများမှ လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့် တစ်စိတ်တစ်ဒေသအားဖြင့် ပိုမိုဆိုးရွားလာသည့် မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုများက ပင်လယ်ရပ်ခြား အကူအညီများအပေါ် ရပ်တည်နေရသည့် ထိုဆင်းရဲသား ပြည်သူများကိုသာ ထိခိုက်နစ်နာစေမည်ဖြစ်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြ

ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုပိုမိုဆိုးရွားသွားစေကြောင်း၊ ပင်လယ်ပြင်ရေမျက်နှာမြင့်တက်လာမှုက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းထက်ဝက်ကျော်ကို ပျက်ပြယ်သွားနိုင်ကြောင်းဖြင့်လည်း ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် လူဦးရေ တစ်ဟုန်ထိုးတက်လာချိန်တွင် ကမ္ဘာလုံးဆိုင်ရာပူနွေးမှုက အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်ထုတ်လုပ်မှုကို လေးပုံတစ်ပုံအထိ လျော့နည်းသွားစေရန် ခြိမ်းခြောက်လျက်ရှိသည်။

တိုးပွားလာနိုင်

အာဖရိကတိုက် ပင်လယ်ကမ်းခြေဒေသများတွင် ရေလွှမ်းမိုးခံရမည့် လူဦးရေမှာ ၁၉၉၀ပြည့်နှစ်တွင် တစ်သန်းရှိရာမှ ၂၀၈၀ပြည့်နှစ်တွင် သန်း ၇၀ အထိ တိုးပွားလာနိုင်သည်ဟုဆိုသည်။

ပေးလှူ

သဘာဝဘေးအန္တရာယ်များအတွက် အလှူရှင်များအနေဖြင့် နှစ်စဉ်ဒေါ်လာ ၆ ဘီလီယံခန့် ပေးလှူနေရသည်။

ယင်းတို့အနက် ၇၃ ရာခိုင်နှုန်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် ၎င်းနှင့်ဆက်စပ်နေသည့် သဘာဝဘေးအန္တရာယ်များဖြစ်ကြောင်း သိရသည်။

(အင်တာနက်)